မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်းပြည့်စုံသော၊တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၉)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၃

(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂၊ ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ★




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့်အဖွဲ့များအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


ဆောင်းပါး

ထိန်းသိမ်းလိုက်နာ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ — စာ - ၈ သို့

ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ — စာ - ၁၄ သို့



သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၆၁၆၅၅၊ ၀၉ ၄၂၀၂၂၀၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်)

# အောင်မြင်စွာပြီးမြောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်တွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များ၏ပါဝင်ယှဉ်ပြိုင်မှု၊ ပြည်သူတို့၏တစ်ခဲနက်အားပေးမှုတို့ဖြင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။

မြန်မာတို့၏အနုသုခုမ စာပေနှင့်ဂီတတို့နှင့်ပတ်သက်လာလျှင် ရှေးခေတ်အဆက်ဆက်မှပညာရှင်များ ပေါ်ထွန်းလာခြင်း၊ အဆိုပါပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်လာခြင်းကြောင့် ယနေ့တိုင်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်များအဖြစ် ထင်ရှားစွာတည်ရှိနေခြင်းဖြစ်သည်။ ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာကိုမွေးဖွားသန့်စင်လိုက်ခြင်းသည် မြန်မာ့ဂီတသမိုင်းမှတ်တိုင်ကြီးကို ထင်ထင်ရှားရှား စိုက်ထူလိုက်ခြင်းပင်ဖြစ်သည်။ ဝန်ကြီးပဒေသရာဇာ၏ ထံတျာတေရှင်အစချီသော ပုစဉ်းတောင်သံကြိုးသီချင်းသည် စည်းဝါးစနစ်၊ အသံအတွဲအဖက်တို့တွင်စံထားရသည့်အတွက် ဂီတကိုစတင်သင်ယူသူတိုင်း၏ ပထမဦးဆုံးသင်ကြားရသည့်သီချင်းဖြစ်သည်။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သည့် ကြိုးသီချင်းများမှာ ဂီတပညာစတင်သင်ယူသူတို့အတွက် အခြေခံသင်ရိုးကြိုးသီချင်းများဖြစ်ခဲ့သည်။

ညောင်ရမ်းခေတ်ကုန်ဆုံးပြီးနောက် ကုန်းဘောင်ခေတ်သို့ရောက်ရှိလာသည်။ ကုန်းဘောင်ခေတ်တွင် မြဝတီမင်းကြီးဦးစကို မွေးဖွားသန့်စင်လိုက်ခြင်းသည်လည်း မြန်မာ့ဂီတမီးရှူးတိုင်ကြီးကို ထွန်းညှိလိုက်ခြင်းပင်ဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာ့ဂီတ၏အရောင်အဝါသည် တောက်ပြောင်ထိန်ဝင်းခဲ့သည်မှာ ယနေ့တိုင်အရောင်မမှိန်လင်းလက်နေဆဲဖြစ်သည်။ မြဝတီမင်းကြီးဦးစအမှူးပြုသော ပြင်စည်မင်းသား၊ လှိုင်ထိပ်ခေါင်တင်၊ အနောက်နန်းမတော်မမြလေးနှင့်အခြားပညာရှင်တို့၏ကျေးဇူးကြောင့် ကုန်းဘောင်ခေတ်အရောက်တွင်မြန်မာ့ဂီတသည် ကြိုး၊ ဘွဲ့၊ သီချင်းခံဂီတအမျိုးအစားများသာမကတော့ဘဲ သံဆန်း ခေါ်ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ ဘောလယ်၊ လေးထွေသံကပ်၊ တေးထပ်၊ ဒိန်းသံ၊ နတ်ချင်း၊ ဗုံကြီးသံစသည်တို့ဖြင့် တိုးတက်စည်ပင်ခဲ့သည်။ ရတနာပုံခေတ်အရောက်တွင် မြန်မာ့ဂီတသည် တူရိယာဘက်တွင်လည်းကောင်း၊ သီချင်းဂီတဘက်တွင်လည်းကောင်း၊ အကဘက်တွင်လည်းကောင်း အရောင်အသွေးစုံ ပန်းချီအဖုံဖုံတို့ အစွမ်းကုန်ပွင့်လန်းလျက်ရှိသောပန်းဥယျာဉ်ကြီးပမာရှိခဲ့သည်။

ရတနာပုံခေတ်ကုန်ဆုံးပြီးနောက် ကိုလိုနီခေတ်သို့ရောက်ရှိလာသည်။ ကိုလိုနီခေတ် တိုင်းတစ်ပါးအုပ်ချုပ်မှုအောက်တွင် တိုင်းတစ်ပါးယဉ်ကျေးမှုများလွှမ်းမိုးလာသော်လည်း မျိုးချစ်မြန်မာတို့အနေဖြင့် မိမိတို့၏ရိုးရာအနုသုခုမပညာရပ်များ မကွယ်ပျောက်အောင်ထိန်းသိမ်းခဲ့ကြသည်။ ဒီးဒုတ်ဦးဘချိုအမှူးပြုသော ဂီတသုတေသနအသင်း၊ မြန်မာနိုင်ငံတော်တူရိယာဂီတအဖွဲ့ချုပ်၊ မန္တလေးမြို့မှမဟာဂီတတက္ကသိုလ်အသင်းများတွင်ပါဝင်သောပုဂ္ဂိုလ်များမှာ မြန်မာ့ဂီတလောကတွင် ထိပ်ဆုံးမှဂီတပညာရှင်ကြီးများဖြစ်ကြသည်။ မြန်မာသီချင်းကြီးများတိုးတက်ပြန့်ပွားရေး၊ စနစ်တကျတတ်မြောက်ရေး၊ ရှေးသီချင်းများဆွေးနွေးညှိနှိုင်းဖလှယ်ခြင်းနှင့် သင်တန်းများဖွင့်လှစ်ပို့ချခြင်းများဆောင်ရွက်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင်ပင် ဤသို့အဘက်ဘက်က ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းကြောင့် ယနေ့တိုင်မြန်မာ့အနုသုခုမပညာရပ်များ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးခေတ်တွင်လည်း မြန်မာ့အနုသုခုမပညာရပ်များကို စနစ်တကျဖော်ထုတ်ထိန်းသိမ်းခဲ့ကြသည်။ တပ်မတော်ကနိုင်ငံတော်ကိုဦးဆောင်ခဲ့သည့်ကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများစတင်ကျင်းပကာ ရွှေပုန်းသီးအနုပညာရှင်များကိုစင်တင်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲကျင်းပခြင်းကိုရပ်နားထားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခဲ့သည်မှာ ယခု(၂၅)ကြိမ်မြောက် ငွေရတုကာလသို့ပင်ရောက်ရှိခဲ့ပြီဖြစ်သည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့အကဲဖြတ်အနုပညာရှင်ကြီး ၁၈၀ ဦး၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွပါဝင်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိ ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ပြီဖြစ်သည်။ ဤပြိုင်ပွဲကြီးမှအမျိုးသားရေးအနှစ်သာရနှင့်အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

အထူးသဖြင့် အရှိန်အဟုန်ဖြင့်ထိုးဖောက်ဝင်ရောက်လာနေသော နိုင်ငံခြားသရုပ်ပျက်ယဉ်ကျေးမှု အန္တရာယ်တို့မှကာကွယ်ရန်၊ ရိုးရာအမျိုးသားဂီတအနုသုခုမကိုထိန်းသိမ်းမြှင့်တင်ရန်မှာ မြန်မာတိုင်းရင်းသားတစ်ရပ်လုံး၏အမျိုးသားရေးတာဝန်ဖြစ်သည်။ ထိုတာဝန်ကိုထမ်းဆောင်နိုင်ရန်အတွက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုကျင်းပခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၅၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

**(ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၄-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၂၃ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် (၂၀)ထောင်ထားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၃.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၇၅၆၈ | ၆၂၆.၅၃ | ၅၆၂၈၈၅ | ၁၇၉၅၂ (လျှပ်စစ်)ထုတ်ရေ) | - | - | - | - | ၀.၆၅ | ၆၂၆.၆၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၇.၂၅ | ၂၈၃၉၇ | - | ၇.၇၅ | ၈၁၀၃ | - | - | ၀.၁၀ | ၆၂၇.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၁၃၀ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၂.၅၄ | ၅၁၈.၆၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၂၄၅ | ၅၀၉.၅၀ | ၁၀၄၅၂ | ၄ | ၂.၅၀ | ၁၈၀၅ | - | - | ၁.၉၈ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၂၂ | ၄၃၇.၈၂ | ၆၉၄၆၀ | ၂၈၄ | ၁.၁၈ | ၃၅၄၀ | - | - | ၀.၇၁ | ၄၃၇.၇၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၇၃ | ၅၃၄.၆၀ | ၇၃၃၉၂ | - | ၀.၄၀ | ၁၆၀၈ | - | - | ၀.၈၀ | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၉ | ၇၅၂၆ | ၁၁ | ၂.၁၁ | ၁၁၉၂ | - | - | ၀.၂၇ | ၄၁၅.၉၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၁၆၅ | ၆.၅၅ | ၃၅၉၃၉ | - | - | ၀.၈၄ | ၇၀၃.၄၄ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၃ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅၈ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | ၀.၉၅ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၃၀ | ၆၇၄.၀၀ |

မှတ်ချက်- ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀)ချပ်ထောင်ထားပါသည်။

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက ဟောင်ကောင်အမျိုးသမီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၂၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြုနိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအမျိုးသမီးအသင်းနှင့် ဟောင်ကောင်အမျိုးသမီးအသင်းတို့ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းက မြမြင့်မိုရ်၊ ယုယုနိုင်၊ ဖြူဖြူဝင်း၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ရူပါခိုင်၊ ယွန်းဝတီလှိုင်၊ မျိုးမြမြငြိမ်း၊ ရွှေရည်ထွန်းအစရှိသည့်ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် Lai Mae Halasan Tsangက ဟောင်ကောင်အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၉ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် စန်းသော်သော်ကလည်းကောင်း၊ ပွဲချိန် ၇၈ မိနစ်တွင် ရွှေရည်ထွန်းကလည်းကောင်း၊ ပွဲချိန် ၉၁ မိနစ်တွင် ဝင်းသိင်္ဂီထွန်းကလည်းကောင်း မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများအသီးသီးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက ဟောင်ကောင်အမျိုးသမီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းနှင့်ဟောင်ကောင်အမျိုးသမီးအသင်းတို့သည် ဒုတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၆ ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ကျွန်တော်သည် မြို့နယ်ပညာရေးမှူးရုံးမှအပြန်တွင် ရင်အနွမ်းနဲ့ခြေလှမ်းကို ခပ်သွက်သွက်လှမ်းပြီး လှေဆိုက်ကပ်ထားသည့် နတ်ချောင်းဘက်သို့ လျှောက်လာခဲ့သည်။ လှေသို့ရောက်သည်ဆိုလျှင်ပဲ လှေကြိုးကို ဖြေပြီး မြေပုံမြို့ဆိပ်ကမ်းမှ ခွာခဲ့ကြလေသည်။ ကမ်းစပ်နဲ့ ခပ်လှမ်းလှမ်းမြစ်ပြင်ကျယ်ထဲအရောက်တွင် ကျွန်တော်၏တက်ချက်ရေဝဲဂယက်ထဲတွင် ဗေဒါတစ်ချုံ ချာလပတ်လည်ကာ ဝင်လာခဲ့သည် . . ."**

**ယမန်နေ့မှအဆက်**

နောက်တစ်နေ့တွင် မြို့နယ်ပါတီယူနစ်ကော်မတီရုံးကြော်ငြာသင်ပုန်းတွင် ကျောင်းဆရာ အင်တာဗျူးအောင်မြင်သူများစာရင်းကိုကပ်ထားသည်။ ကျွန်တော် ရင်ခုန်နေ၏။ စိုးရိမ်စိတ်က သွေးကြောမျှင်များအနှံ့ စိမ့်ဝင်နေသည်။ ကျွန်တော်သည် လူအုပ်ထဲဝင်ပြီး ကြော်ငြာသင်ပုန်းကြီးနားသို့ တိုးကပ်လိုက်သည်။ ကျောင်းဆရာခန့်မည့် အမည်စာရင်း အမှတ်စဉ် (၁)မှ (၂၀)အထိ တန်းစီရေးထားသည်။ ကျွန်တော် အသက်ပင် ပြင်းပြင်းမရှူဝံ့။ အမည်စာရင်းကို တစ်ဦးချင်းဖတ်ကြည့်လိုက်၏။

"ဟင် . . . "

ကျောင်းဆရာခန့်မည့် အမည်စာရင်းထဲတွင် ကျွန်တော့်အမည်မပါ။ သေလိုက်ပါတော့။ ကျွန်တော် နဖူးကိုဖြန်းခနဲရိုက်လိုက်မိသည်။ ကျွန်တော် ကိုယ့်အဖြစ်ကို တွေးပြီးဝမ်းနည်းပြီးငိုချင်သွား၏။ တကယ်ပဲမပါတာလား၊ တစ်ခေါက်ပြန်ဖတ်ကြည့်လိုက်ပြန်သည်။

"ဟာ . . . ဟိုမှာဟိုမှာအမှတ်စဉ် (၁၆) မှာ မောင်ဘညွန့်တဲ့"

ကျွန်တော် အသံထွက်ပြီးရွတ်ဖတ်ဖြစ်သွားသည်။ ဘဝအခက်အခဲကြားမှ ပညာသင်ပေးခဲ့ကြသော မိဘနှစ်ပါးကိုစိတ်ရည်မှန်းပြီးဦးချလိုက်မိသည်။ ပညာရေး မိုးနည်းရပ်ဝန်းအတွက် စေတနာမိုး၊ မေတ္တာမိုး၊ အကြင်နာမိုးများရွာသွန်းရတော့မည့် အရေးကိုတွေးပြီး ကျွန်တော် တစ်ချက်ပြုံးပစ်လိုက်သည်။

မိမိလှေရှိရာမြေပုံမြို့အစွန် နတ်ချောင်းဘက်သို့ ပေါ့သောရင် ရွှင်သောနှလုံးဖြင့် ကျွန်တော် ခပ်မြူးမြူးလျှောက်လာခဲ့သည်။

"ကိုကြီးညိုနဲ့ ဦးလေးထွန်းဖုံရေ ကျွန်တော် အင်တာဗျူးအောင်ပြီဗျ၊ အမှတ်စဉ် (၁၆) တဲ့ဗျ၊ ကျောင်းဆရာဖြစ်တော့မယ်ဗျ"

ကျွန်တော့်မှာ ကတော့မလို၊ ခုန်တော့မလို မြူးမြူးကြွကြွဖြစ်နေမိသည်။ ကိုညိုဦးနှင့် ဦးအောင်ထွန်းဖုံတို့မှာ မုဒိတာမျက်ဝန်းများနှင့် ပြုံးနေကြသည်။ ကျွန်တော်၏ပျော်ရွှင်မှုရသဂယက်သည် လှေသားများကိုပါ ကူးစက်သွားကြလေပြီ။

● ● ● ● ● ● ●

မြေပုံမြို့ နတ်ချောင်းဆိပ်ကမ်းမှ မြို့နယ်ပညာရေးမှူးရုံးသို့ အတော်လှမ်းသည်။ မြို့လယ်လမ်းမကြီးနှင့် လမ်းကြိုလမ်းကြား ခြောက်ခုလောက် ဖြတ်သန်းပြီးမှ တောင်ကုန်းမြင့် ဆင်ခြေလျှောတွင် ဆောက်လုပ်ထားသော မြို့နယ်ပညာရေးမှူးရုံးသို့ရောက်သည်။ ကျွန်တော် ရုံးထဲသို့လှမ်းဝင်လိုက်၏။ အင်တာဗျူးအောင်ထားသော ကျောင်းဆရာလောင်းများဟု ယူဆရသော ကျွန်တော်တို့အရွယ် လေးယောက်ထိုင်နေကြသည်။ တစ်ဦးမှာ မိန်းကလေးဖြစ်သည်။ ကျွန်တော် နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်၏။

သိပ်တောင်မကြာ ရုံးအကူဖြစ်ဟန်တူသူတစ်ယောက်ရောက်လာပြီး ကျွန်တော်တို့ကို ရုံးခန်းထဲသို့ ဝင်ခဲ့ကြရန်ခေါ်သည်။ ကျွန်တော်တို့ငါးယောက် ရုံးခန်းထဲသို့ ဝင်လိုက်ကြသည်။ စားပွဲထိုင်ခုံမှာလူကြီးတစ်ဦးထိုင်နေသည်။ မှတ်မိပြီ၊ အင်တာဗျူးလုပ်တုန်းကလည်း ဒီလူကြီးပါပဲ။ မြို့နယ်ပညာရေးမှူးပဲ ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် မိမိအား ကျောင်းဆရာခန့်မည့်သူကို ရိုသေလေးစားစွာတစ်ချက်မော့ကြည့်လိုက်သည်။ ဥပဓိရုပ်ကရှင်းနေတာပဲ။ ကြည်ညိုစရာကောင်းလိုက်တာ မြို့နယ်ပညာရေးမှူးကိုကြည့်ပြီး ကျွန်တော်ကျေနပ်နေမိသည်။

"မင်္ဂလာပါ ဆရာကြီး"

"မင်္ဂလာပါ"

ကျွန်တော်တို့ ငါးယောက်နှင့် မြို့နယ်ပညာရေးမှူးတို့ အပြန်အလှန်နှုတ်ဆက်လိုက်ကြပါ၏။

မြို့နယ်ပညာရေးမှူးသည် ကျွန်တော်တို့ ငါးယောက်ကိုတစ်ချက်ကြည့်သည်။ ကျွန်တော်ကလည်း ဆရာကြီးဆီက ထွက်လာမည့်စကားကို အာရုံစူးစိုက်နားထောင်နေလိုက်၏။

"သားတို့၊ သမီးတို့ကို ပြောလိုတာက ဒီလိုကွဲ့၊ ဝန်ကြီးဌာနအသီးသီးမှာ တရားဝင်အလုပ်ခန့်မယ်ဆိုရင် "

မြို့နယ်ပညာရေးမှူးသည် ကျွန်တော်တို့ကိုပြောနေရင်းပင် စီးကရက်ကိုရှိုက်လိုက်ပြီး မီးခိုးတွေမှုတ်ထုတ်လိုက်သည်။

"ပြောပြမယ် အသက် ၁၈ နှစ်နဲ့ ၂၅ နှစ်အတွင်းဖြစ်နေရမယ်"

ကျွန်တော် ပိုပြီးရင်တုန်သွားသည်။

"အလို... ဘုရား ဘုရား ဘုရား"

"ခု သားတို့၊ သမီးတို့ ငါးယောက်က အကုန်လုံးပဲ ၂၅ နှစ်ကျော်ပြီးသားတွေဖြစ်နေကြတယ်၊ ဒါကြောင့် ဌာနဆိုင်ရာမှာ အလုပ်ခန့်လို့မရတော့ဘူး"

သွားပါပြီ၊ ကျွန်တော် ကမ္ဘာကြီးပျက်ပါပြီ၊ ဆောက်တည်ရာမရတော့။

"သားတို့၊ သမီးတို့ ဘွဲ့ရအောင်ပဲ ကြိုးစားကြပါ၊ ဘွဲ့ရဆိုရင်တော့ ၃၅ နှစ်အထိ ခန့်လို့ရတယ်"

၂၅ နှစ်ထက်ပိုပြီးအသက်ကြီးနေကြ၍ ကျောင်းဆရာဖြစ်ခွင့်မရကြသော ကျွန်တော်တို့ငါးယောက်၏ အမည်စာရင်းကိုဆန်းစစ်ကြည့်လျှင်–

မောင်ထွန်းမြ ပဲကောက်ရွာ မြေပုံမြို့အနီး၊ မအေးလှိုင် သဲတန်းရပ်ကွက် မြေပုံမြို့၊ မောင်ဘညွန့် သရက်တောင်ရွာ မြေပုံမြို့နယ် (စက်လှေဖြင့် ညလုံးပေါက်ခုတ်မောင်းရသည့်နေရာ)၊ မောင်တင်ညွန့် ပလက်ဝမြို့ ချင်းပြည်နယ်၊ အမည်မသိတစ်ယောက် (မြို့နယ်ခြား) တို့ပင်ဖြစ်ကြသည်။

ကျွန်တော်သည် မြို့နယ်ပညာရေးမှူးရုံးမှအပြန်တွင် ရင်အနွမ်းနဲ့ခြေလှမ်းကို ခပ်သွက်သွက်လှမ်းပြီး လှေဆိုက်ကပ်ထားသည့် နတ်ချောင်းဘက်သို့ လျှောက်လာခဲ့သည်။ လှေသို့ရောက်သည်ဆိုလျှင်ပဲ လှေကြိုးကိုဖြေပြီး မြေပုံမြို့ဆိပ်ကမ်းမှ ခွာခဲ့ကြလေသည်။ ကမ်းစပ်နဲ့ ခပ်လှမ်းလှမ်းမြစ်ပြင်ကျယ်ထဲ အရောက်တွင် ကျွန်တော်၏တက်ချက် ရေဝဲဂယက်ထဲတွင် ဗေဒါတစ်ချုံ ချာလပတ်လည်ကာဝင်လာခဲ့သည်။ ဘယ်သောင်မှာတင်လို့ ဘယ်ကမ်းကခွာလာခဲ့သည်မသိ။ ဗေဒါပင်ကလေးကတော့ ဘာကိုမျှဂရုမပြုတက်ကြွလန်းဆန်း မြရည်ဖျန်းလျက်ပါ။ အလှဆုံးကတော့ ဗေဒါချုံကလေးအလယ်မှာ ပန်ဆင်ထားသည့် ဗေဒါပန်းကလေးပါပဲ။

"ပန်းဗေဒါရယ် ဘယ်သောင်မှာဆိုက်လို့ ဘယ်ကမ်းကခွာလာသည်မသိ ရေလှိုင်းဘယ်လိုကြမ်းကြမ်း နွမ်းသည်ဟူ၍မရှိ ရေဇလာကြောမှာစုန်ဆန်မျောလို့ မမောမပန်း လန်းလျက်ပါပဲလား၊ ငါသည်လည်း သင့်လိုပဲ လောကဓံကြုံမဖြုံစတမ်း သတ္တိအစွမ်းနဲ့ ရှေ့သို့လှမ်းရဦးမည်လေ"

မြစ်ရေပြင်ထဲက ဗေဒါပန်းကလေးသည် ကျွန်တော်၏ခံစားချက်နှလုံးသားထပ်မံအားဖြည့်ပေးလိုက်သည့် ကဗျာတစ်ပုဒ်ဖြစ်နေပါပေါ့လား။

● ● ● ● ● ● ●

"ဆက်ဖြေပါ သားရယ်၊ ဘွဲ့ရတော့ခန့်ပေးမယ်ပြောထားတာပဲ ... သားက လမ်းစရသွားပြီလေ၊ ဆက်ဖြေရင် သားဆက်အောင်မှာပါ"

ကျေးဖူးရှင်အဖေကြီး၏ နှလုံးသားထဲက အားမာန်ပြည့်စကား။

ကျွန်တော်သည် လုပ်သလိုမဖြစ်၍ ဖြစ်သလိုလုပ်တာမျိုးမဟုတ်ဘဲ တွဲဖက်အလယ်တန်းကျောင်းမှာ ကျောင်းဆရာ ဆက်လုပ်နေခြင်းသည် ကျွန်တော့်ပညာရေး ရှေ့ဆက်ခရီးအတွက် ဆက်လက်အားမွေးခြင်းပင်ဖြစ်ပေသည်။

၁၉၇၇-၁၉၇၈ ပညာသင်နှစ်ဆိုလျှင် သရက်တောင်ရွာ တွဲဖက်အလယ်တန်းကျောင်းကိုဖွင့်လှစ်ခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ပြီး အတန်းအရေအတွက်လည်း သတ္တမတန်းအထိ ရောက်လာခဲ့ပြီဖြစ်သည်။ ကျောင်းသားများမှာလည်း ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းဆိုလျှင် ကျောင်းသား ၂၀၀ နီးနီးအထိရှိလာပြီဖြစ်သည်။ ဆရာနှစ်ဦးတည်းဖြင့် အတန်းသုံးတန်းကို ဘာသာစုံသင်ပြရရာ လွန်စွာပင်ပန်းလှပါသည်။ သို့သော် ကျွန်တော့်မှာ မောသည်ဟုမပြောရဲ၊ ပင်ပန်းသည်ဟု မဆိုဝံ့။ တတ်သလောက်ကြိုးစားပြီးပြသည်။ ပင်မကျောင်း အ.လ.က ကမ်းထောင်ကြီးက ဘာသာရပ်ဆိုင်ရာ စစ်ဆေးမှုပြုလုပ်လျှင်လည်း သူတို့ဆရာတွေကျေနပ်လက်ခံကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကျင်းပ



သထုံ အောက်တိုဘာ ၂၃

မွန်ပြည်နယ် သထုံမြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇) အလတ်စားစက်ပြင်အလုပ်ရုံမှ စီစဉ်ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၂ ရက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ(သထုံ)ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က လက်ရှိတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေပြီဖြစ်ရာ တောင်သူများလက်ဝယ်၌ လယ်ယာသုံးစက်ကိရိယာများရှိနေပြီဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် လက်ဝယ်ရှိသည့်လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျမောင်းနှင်ထိန်းသိမ်းတတ်ရန် လိုအပ်ကြောင်းနှင့် သင်တန်းမှ သင်ကြားပေးသည်များကို စနစ်တကျလေ့လာသင်ယူပြီး ပြန်လည်ဖြန့်ဖြူးပေးခြင်းဖြင့် မိမိတို့၏ရပ်ရွာအကျိုးကို သယ်ပိုးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်မြင့်က သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များအား စနစ်တကျမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို တောင်သူစုစုပေါင်း ၃၀ ဦးတို့အား စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇) အလတ်စားစက်ပြင်အလုပ်ရုံမှ ကျွမ်းကျင်နည်းပြများက လေးပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# မိမိတို့ အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန်လိုအပ်၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာ သာသနာယဉ်ကျေးမှုများနှင့်လိုက်လျောညီထွေဖြစ်သည့်အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှုအသွင်သဏ္ဍာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထားအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## ❖ ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများမြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိ . . .

■ **ကျောဖုံးမှအဆက်**

တက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များကရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်

**စာမျက်နှာ ၆ သို့ ■**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံး ပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

■ စာမျက်နှာ ၅ မှအဆက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီးရေးအတွက် မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မေတ္တာ၊ စေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ဗဟို၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ပြုကျင်းပသည့်အခမ်းအနားပင်ဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီးများကို နှစ်စဉ် အစဉ်အလာမပျက် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပိုမိုပြည့်စုံပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်စေရေးနှင့် ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ပေါ်လာစေရေး အလေးထားကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးများတွင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကို နိုင်ငံတော်၏ကိုယ်စား အလေးအနက်ထားပြောကြားလိုကြောင်း။

မိမိတို့ အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှုအသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင်ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန်အထူးလိုအပ်လျက်ရှိကြောင်း။

မြန်မာ့အနုပညာသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်ပေါ်ထွန်းလာခဲ့သည့်အနုပညာရှင်ကြီးများ၏ ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့်ကျေးဇူးတရားများကြောင့် ယနေ့သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် ဆရာသခင်အနုပညာရှင်ကြီးများ၏အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းများကဲ့သို့ အမွေခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီးများကို ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင်ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သားမျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေလက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ယခု ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးကို ထမ်းရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာသံစုံတီးဝိုင်း ဂီတမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်၊ အဆိုပြိုင်ပွဲ၌ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း၊ အကပြိုင်ပွဲ၌ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အသက်အငယ်ဆုံး ပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေး၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ကူညီပံ့ပိုးသူ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူများနှင့်အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် စည်သူ ဒေါ်ထားက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှအနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့မှအနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ်**
**တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၇/ ၂၀၂၄**
**၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

**ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊**
**ပြည်တွင်းတွင် သယ်ဆောင်ခြင်း၊**
**သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေး ဆိုင်ရာနည်းဥပဒေ ၂ နည်းဥပဒေခွဲ(ခ)အရ ထိန်းချုပ်ဓာတုပစ္စည်းအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသို့ သယ်ဆောင်ခြင်းနှင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၁။ **အခွင့်ရအရောင်းကိုယ်စားလှယ်(Authorized Dealer) ရသည့် ကုမ္ပဏီတွင်ရှိသင့်သည့် စံသတ်မှတ်ချက်များ(Criteria)**

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ် ရရှိပြီးသော ကုမ္ပဏီဖြစ်ရမည်။

( ခ ) တင်သွင်းမည့် ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအမည်နှင့် အလေးချိန်၊ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ အခွင့်ရ အရောင်းကိုယ်စားလှယ်(Authorized Dealer) အထောက်အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်းတင်ပြနိုင်သူဖြစ်ရမည်။

( ဂ ) ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီထံမှ ရယူတင်ပြသော အခွင့်ရ အရောင်းကိုယ်စားလှယ် (Authorized Dealer) ၏ အထောက်အထား စာရွက်စာတမ်း၊ လက်မှတ်မူရင်းတို့တွင် သက်ဆိုင်ရာ နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့ (Law Enforcement) ထံမှ ဥပဒေနှင့်အညီ ခွင့်ပြုထားသောပစ္စည်းဖြစ်ကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာသံရုံး၏ မှန်ကန်ကြောင်း အထောက်အထား ပူးတွဲတင်ပြနိုင်ရမည်။

(ဃ) တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် အမှတ်တံဆိပ်ကို တင်သွင်းသည့်နိုင်ငံတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ရရှိပြီးဖြစ်ရမည်။

( င ) မြန်မာနိုင်ငံ သွင်းကုန်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သော ကုမ္ပဏီဖြစ်ရမည်။

( စ ) ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း သို့မဟုတ် အခွန်အပြည့်အဝပေးဆောင်ပြီးကြောင်း အထောက်အထားနှင့်တကွ တင်ပြရမည်။

(ဆ) အခွင့်ရအရောင်းကိုယ်စားလှယ် (Authorized Dealer) မရရှိသည့် ကုမ္ပဏီအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်တွင်း ပြန်လည်ရောင်းချသုံးစွဲရန် မူပိုင်ခွင့်ရရှိသည့် ကုမ္ပဏီမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူဆောင်ရွက်နိုင်သည်။

( ဇ ) ထိန်းချုပ်ဓာတုပစ္စည်း ပြည်ပမှတင်သွင်းခွင့်လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများအပြင် သိုလှောင်ခြင်း သို့မဟုတ် သယ်ဆောင်ခြင်းတို့အတွက် မလိုလားအပ်သော ဘေးအန္တရာယ်နှင့်ဘေးထွက်ဆိုးကျိုးများမရှိစေရေး လုံခြုံရေး အစီအမံများ စနစ်တကျဆောင်ရွက်ထားသည့် အထောက်အထားများ တစ်ပါတည်းတင်ပြရမည်။

( ဈ ) ပြည်တွင်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၂။ **ထိန်းချုပ်ဓာတုပစ္စည်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဆောင်ရွက်ရာတွင်ရှိသင့်သည့် စံသတ်မှတ်ချက်များ (Criteria)**

(က) နိုင်ငံတကာသတ်မှတ်ထားသော စံချိန်၊ စံညွှန်းပြည့်မီသည့် နေရာနှင့် သိုလှောင်ရုံအဆင့်ရှိရမည်။

( ခ ) သိုလှောင်ရုံသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ခွင့်ပြုသော သီးသန့်ဇုန်တွင် တည်ရှိရမည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့တို့မှ ဘေးအန္တရာယ်နှင့်လုံခြုံရေးဆိုင်ရာ စိစစ်ထောက်ခံချက်ပါရှိရမည်။

(ဃ) ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ရုံတွင် မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက အချိန်မီထိန်းချုပ်နိုင်ရေး အတွက် အရေးပေါ်ထိန်းချုပ်ဓာတုပစ္စည်းဆိုင်ရာ ကျွမ်းကျင် သင်တန်းတက်ရောက်ထားပြီးသော ဂိုဒေါင်လုံခြုံရေး ဝန်ထမ်းများဖြင့် စနစ်တကျဆောင်ရွက်ရမည်။

(င) သိုလှောင်ရုံအတွင်း အရေးပေါ်ဖြစ်စဉ်ပေါ်ပေါက်ပါက တုံ့ပြန်ထိန်းချုပ်နိုင်ရေး မီးစနစ်၊ ရေစနစ်၊ လေဝင်၊ လေထွက် စနစ်များ အမြဲကောင်းမွန်စေရေး စစ်ဆေးကြပ်မတ်နေရမည်။

(စ) သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများပါ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာရမည်။

(ဆ) သက်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များက ထိန်းချုပ်ဓာတုပစ္စည်းသိုလှောင်ရုံများ သို့လာရောက်စစ်ဆေးခြင်းကို ကုမ္ပဏီတာဝန်ရှိသူများက ခွင့်ပြု၍ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ **ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်ခြင်း ဆောင်ရွက်ရာတွင် ရှိသင့်သည့် စံသတ်မှတ်ချက်များ (Criteria)**

(က) ထိန်းချုပ်ဓာတုပစ္စည်းအမျိုးအစားအလိုက် နိုင်ငံတကာ သတ်မှတ်စံချိန်၊ စံညွှန်းမီသော သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးအစားဖြင့်သာ သယ်ဆောင်ရမည်။

(ခ) ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုချက်ပုံစံ (၁၀)မူရင်း တစ်ပါတည်းပါရှိရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ပါရှိရမည်။

(ဃ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၏ သတ်မှတ်ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ရရှိပြီးသော မော်တော်ယာဉ်ဖြစ်ရမည်။

(င) ထိန်းချုပ်ဓာတုပစ္စည်းသယ်ဆောင်မည့် မော်တော်ယာဉ်၏ ယာဉ်မောင်းသည် "င" ယာဉ်မောင်းလိုင်စင်ကိုလည်းကောင်း၊ ယာဉ်နောက်လိုက်သည် ယာဉ်အကူလိုင်စင်ကိုလည်းကောင်း ရရှိပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့် ရှောင်ရန်နှင့် ဆောင်ရန် အချက်များကို သိရှိလိုက်နာသူဖြစ်ရမည်။

(စ) ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစားအလိုက် သိုလှောင်မှုနှင့် သယ်ဆောင်မှုစနစ်များအတိုင်း စနစ်တကျလိုက်နာရမည်။

(ပုံ)
**ဥက္ကဋ္ဌ**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# တောင်ငူခရိုင်အတွင်း ရေဘေးကြောင့် နေအိမ်မျောပါပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

တောင်ငူ အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်း ရေဘေးကြောင့် နေအိမ်မျောပါ ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြီးရေလျှံမှုကြောင့် တောင်ငူခရိုင်အတွင်း လုံးဝပျက်စီးခဲ့သည့် ပြည်သူလူထု နေအိမ် ၅၉၆ လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် နေအိမ် ၆၂၂ လုံးအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းသည် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးကြောင့် နေအိမ်မျောပါပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ရာဂိမုန်တိုင်းကြောင့် တောင်ငူခရိုင် တောင်ငူမြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၄၈၄ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၁၇ လုံး၊ရေတာရှည်မြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၈၃ လုံး၊ အုတ်တွင်းမြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၂၈ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၅ လုံး၊ ထန်းတပင်မြို့နယ်တွင် လုံးဝပျက်စီးနေအိမ် ၁ လုံး စုစုပေါင်း လုံးဝပျက်စီးနေအိမ် ၅၉၆ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၆၂၂ လုံး အတွက် ထောက်ပံ့ငွေကျပ် ၂၄၈၉ ဒသမ ၁၀ သန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။





(၄၀၁)၊ တင်စိုး(ပဲခူး)

# ထိန်းသိမ်းလိုက်နာ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ

လင်းအရုဏ်ဦး(ပဲခူး)

ကမ္ဘာ့နိုင်ငံအလိုက်၊ လူမျိုးအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ ရေအတိမ်အနက်ကို ကြာရိုးကြာစွယ်ကြည့်ခြင်းဖြင့် သိနိုင်သလို နိုင်ငံနှင့် လူမျိုးအဆင့်အတန်းကိုလည်း ယဉ်ကျေးမှုကိုကြည့်၍ စံပြုတိုင်းတာကြသည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်ထွန်းလာခြင်းဖြစ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့များဖြင့် ယနေ့တိုင်တည်တံ့ခိုင်ခံ့လျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှု၏ဓလေ့ထုံးတမ်း၊ ကျင့်ဝတ်စည်းကမ်းတို့မှာ အဆင့်မြင့်လှသည်ဖြစ်ရာ နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်သည်။



ယဉ်ကျေးမှုသည် လူမျိုး၏အသက်၊သိက္ခာဖြစ်ပြီး ယဉ်ကျေးမှုကင်းမဲ့ပါက နိုင်ငံ၏အဆင့်အတန်းလည်း နိမ့်ကျမည်ဖြစ်သည်။ မြန်မာတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သော သီချင်း(ဂီတ)၊ တူရိယာ၊ အဆို၊ အက၊ အတီးမျိုးစုံစွာရှိပြီး အဆင့်အတန်းမြင့်လှသည်။ သာယာငြိမ့်ညောင်းသောအသံတို့သည် နရီစည်းချက်မှန်မှန်၊ အသံအနိမ့်အမြင့်ပြေပြစ်စွာ ဖြစ်ပေါ်ခြင်းကို ဂီတဟုခေါ်ဆိုကြသည်။ မြန်မာတို့၌ စာရေးစာဖတ်မပေါ်မီကပင် ဂီတသည်ပညာရပ်တစ်ခုအနေဖြင့် ရှိနှင့်နေပြီဟုယူဆကြသည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ ကောက်စိုက်သီချင်း၊ ကောက်ရိတ်သီချင်း၊ မောင်းထောင်းသီချင်း၊ ရက်ကန်းသီချင်းတို့ပျံ့လွင့်လာသည်။ ခံစားချက်ကိုတေးသီဖွင့်ထုတ်ရာမှ ရိုးရာသီချင်းဖြစ်လာသည်။ ရိုးရာသီချင်းသည် ခေတ်၏လူနေမှုစနစ်နှင့်အခြေအနေအရပ်ရပ်ကို ထပ်ဟပ်ပြသော ခေတ်၏ကြေးမုံတစ်မျိုးဖြစ်သည်။

ဗုဒ္ဓဘာသာမပေါ်မီ နတ်ကိုးကွယ်ရာမှ နတ်ချင်းဟူသော သီချင်းအဖွဲ့တစ်မျိုးပေါ်ပေါက်ခဲ့သည်။ ဗုဒ္ဓဘာသာပျံ့နှံ့ပြီးနောက်ပိုင်းတွင်လည်း အယူဝါဒဆိုင်ရာသီချင်းများစပ်ဆိုသီကုံးခဲ့ကြောင်း အထောက်အထားများရှိခဲ့သည်။ သရေခေတ္တရာခေတ်တွင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သော ပျူယဉ်ကျေးမှုအဖွဲ့သည် ဘုရားဂုဏ်တော်ကိုအလေးအမြတ်ပြုသောသီချင်းများ သီဆိုကပြခဲ့ကြောင်း တရုတ်မှတ်တမ်းများတွင်ဖော်ပြကြသည်။ ရှေးမြန်မာမင်းခမ်းမင်းနားများ၌ ခံ့ညားသော သီဆိုတီးမှုတ်မှုသည် အခမ်းအနားတစ်စိတ်တစ်ဒေသအဖြစ်ပါဝင်သည်။ ရှေးမြန်မာသီချင်းကြီး သီချင်းခံများသည် ဂီတလောကတွင် ထည်ဝါခံ့ညားစွာ မြန်မာ့ဂုဏ်ကျက်သရေကိုဆောင်နိုင်ခဲ့သည်။ ဘုရင်တို့ချီးမြှောက်မှုကြောင့်လည်း သီချင်းဂီတ၏အခြေအနေအဆင့်အတန်းတိုးတက်ခဲ့သည်။

မြန်မာစာပေတွင် ရှေးယခင်ကတည်းက လင်္ကာနှင့်သီချင်းနှစ်မျိုးကို ကဗျာ-လင်္ကာဟု မှတ်တမ်းတင်ထားရှိသည်။ သီချင်းတွင် ရကန်၊ ဟောစာ၊ သာချင်း၊ ကာချင်း၊ အဲချင်း၊ အိုင်ချင်း၊ လေးချိုး၊ သံချို၊ ယိုဒယား၊ ပတ်ပျိုး၊ ကြိုး၊ ဘွဲ့၊ ဘောလယ်အရိုး၊ တေးအရိုးအဆန်း၊ သဖြန်အရိုးအဆန်း၊ ငိုချင်းအရိုးအဆန်း၊ ဒုံးချင်းအရိုးအဆန်း၊ ဟန်ချင်းအရိုးအဆန်း၊ လှေချင်းအရိုးအဆန်း၊ နတ်သံ၊ မှာတမ်း၊ ဇာတ်စကားစပ်ပုံဟူ၍ ၂၂ မျိုး ပါဝင်သည်။ တေးဂီတသည်ကားထက်မြက်သော အကျိုးပြုအာနိသင်နှင့် ပြည့်စုံသည်။ တေးဂီတလောကသည် ကျယ်ပြန့်သည်ထက်ပို၍ ကျယ်ပြန့်လာသည်ဖြစ်ရာ တိုင်းပြည်နှင့်လူမျိုး၏ ဂီတကိုအကဲခတ်ပြီး ယဉ်ကျေးမှုအဆင့်အတန်းကို သတ်မှတ်နိုင်သဖြင့် ကျန်ရှိသော တေးဂီတများကို ထိန်းသိမ်းကြမှသာ လူမျိုးလည်း တင့်တယ်မည်ဖြစ်သည်။

တူရိယာဟူသည် သာယာသောအသံများထွက်ပေါ်လာအောင် တီးမှုတ်အပ်သောကိရိယာဖြစ်သည်။ တီးမှုတ်ခြင်းကို အခြေခံသောတူရိယာကို ပိုင်းခြားလျှင် တီးရသောတူရိယာနှင့် မှုတ်ရသောတူရိယာဟူ၍ နှစ်မျိုးတွေ့ရသည်။ စောင်းကောက်၊ ပတ္တလား၊ ဆိုင်းဝိုင်းတို့မှာ တီးရသော တူရိယာဖြစ်ပြီး နှဲ၊ ပလွေတို့မှာ မှုတ်ရသောတူရိယာများဖြစ်သည်။ လေတုန်ခါမှု၊ ကြိုးတုန်ခါမှု၊ သားရေတုန်ခါမှုတို့ကြောင့် သဘာဝကိုခွဲခြား၍ ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာနှင့် တီးခတ်တူရိယာဟူ၍ တူရိယာသုံးမျိုးကွဲပြားသည်။ မြန်မာတို့၏ တူရိယာများကို ပြုလုပ်သည့်ပစ္စည်းပေါ်မူတည်၍ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟု ခွဲခြားသတ်မှတ်သည်။ တူရိယာတို့တွင် မြန်မာ့စောင်းကောက်သည်ကား ယနေ့အချိန်ထိ ကမ္ဘာကစိတ်ဝင်စားသော တူရိယာတစ်မျိုးဖြစ်သည်။

မြန်မာ့ဆိုင်းဝိုင်းသည်လည်း နိုင်ငံတကာက စိတ်ဝင်စားသော မြန်မာတူရိယာပစ္စည်းဖြစ်သည်။ ဆိုင်းဝိုင်းတွင် ကြေးဝိုင်း၊ မောင်းဆိုင်း၊ ပတ်မကြီး၊ နှဲစသည်တို့ပါဝင်သည်။ မြန်မာ့တူရိယာပစ္စည်းများတွင် မြန်မာဂီတ၊ ဘင်ဂျို၊ ဒုံမင်း၊ မယ်ဒလင်၊ ဝါးလက်ခုပ်၊ လင်းကွင်း၊ စည်း၊ ဝါး၊ ဒိုးပတ်၊ အိုးစည်၊ ဗုံကြီး၊ ဖြောစသည်တို့ပါဝင်သည်။ မြန်မာတူရိယာတို့သည် တီးမှုတ်လိုက်ခြင်းအားဖြင့် အေးငြိမ်သာယာကြည်နူးမှု၊ စိတ်ဓာတ်တက်ကြွမှု၊ ပျော်ပါးမြူးထူးမှု၊ လွမ်းဆွေးသတိရမှုအစရှိသည့် ခံစားမှုရသမျိုးစုံကို ပေးစွမ်းနိုင်သည်။ ထို့ပြင်နိုင်ငံတကာ၌ မရှိသည့် သာရေးတွင် သာရေးအတီးအမှုတ်၊ နာရေးတွင် နာရေးအတီးအမှုတ်တို့ခွဲခြားထားပြီး သာရေးတွင် သုံးသည့်သံစဉ်ကို နာရေးတွင်မသုံးသလို နာရေးသံစဉ်ကိုလည်း သာရေးတွင်မသုံးမှုက မြန်မာတို့၏ ရှေးရိုးအစဉ်အလာပင်ဖြစ်သည်။

မြန်မာတို့၏ သီဆိုတီးမှုတ်ကခုန်မှုသဘင်ပညာသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်မှစ၍ ဆင်းသက်ပေါက်ဖွားလာသော ပညာဖြစ်သည်။ ပုဂံခေတ်ကျောက်စာများအရ ကခြေသဘင်ဟူသောဝေါဟာရစကားများကိုတွေ့ရသည့်အပြင် ပုဂံဂူဘုရားနံရံများရှိ အချို့ပန်းချီဆေးရေးကားများတွင် ကဟန်အမူအရာများအမျိုးမျိုးတွေ့မြင်နိုင်သည်။ မြန်မာတို့၏ ရှေးရိုးတစ်ပင်တိုင်အကသည် ညက်ညောသိမ်မွေ့စွာ ကပြရသော ကကွက်များဖြစ်သည့်အလျောက် နရီ၊ စည်း၊ ဝါး၊ အနေး၊ အမြန်နှင့် ကကွက်ပြောင်းစေကာမူ ငြိမ့်ညောင်းစွာ လှုပ်ရှားကပြရသောအကတစ်မျိုးဖြစ်သည်။ ရှေးရိုးတစ်ပင်တိုင်အက ၁၂ မျိုးရှိသည်။ ဗောင်းတော်ပြင်၊ မှန်တော်ရှု၊ ပန်းစိုက်၊ သားပိုက်၊ ကျောက်ကောက်၊ ဆံတော်သိမ်း၊ ဖျင်းချင်၊ ဖျင်းဖျတ်ဖျတ်၊ ချွတ်၊ ချွတ်အသေး၊ ကပီ၊ ကရောင်းဟူ၍ဖြစ်သည်။ ထို ၁၂ မျိုးအနက် ပထမပိုင်းခြောက်ပိုင်းသည်အနုပိုင်းဖြစ်ပြီး အမျိုးသမီးက၍ အနု-ခြောက်ခန်းဟုခေါ်သည်။ ဒုတိယပိုင်းခြောက်ပိုင်းသည်ကား အကြမ်းပိုင်းဖြစ်၍ အမျိုးသားကပြီး အကြမ်း-ခြောက်ခန်းဟုခေါ်သည်။ ထိုကကွက်များကိုပင် တစ်နည်းဆိုသော်ယိုးဒယားချခန်းဟု ရှေးကခေါ်တွင်ခဲ့သည်။

အဆိုပါရှေးရိုးတစ်ပင်တိုင်အက(ဝါ) ယိုးဒယားချခန်းကိုပင်ကကွက်၊ ကဟန်များကိုလိုက်၍ ကန်တော့ခန်း၊ သားပိုက်၊ အဝေးမျှော်၊ အနီးမျှော်၊ ကျောက်ကောက်၊ သမင်လိုက်၊ ဖျင်းချင်၊ ကိန္နရာလည်ပြန်၊ ကပီ၊ ဆံသိမ်း၊ ချွတ်၊ မှန်တော်ရှု၊ ပန်းစိုက်၊ ဗောင်းတော်ပြင်ဟူ၍လည်း ၁၄ မျိုးခွဲခြားဖော်ပြထားသည်လည်းရှိသေးသည်။ မြန်မာ့ရှေးရိုးအကပညာသည် ခက်ခဲရှုပ်ထွေး၍ ကြိုးစားသင်နိုင်မှ အကပညာရရှိသည်။ ခြေဖျားမှ ဦးခေါင်းအထိ ဘယ်ခြေညာလက်၊ ဘယ်မြောက်ညာချ၊ အင်္ဂါများလှုပ်ရှားပုံ၊ ရင်၊ ခါး၊ ဦးခေါင်းငဲ့၊ မေးတိမ်း၊ လက်ဖျားမှောက်လှန်၊ လက်ချောင်းထားပုံ ကကွက်များကို ဂရုပြုရသည်။

မြန်မာကကွက်များ သရုပ်ဖော်ဇာတ်များသည် စည်းကမ်းနှင့်ဟန်အလွန်ကြီးသည်။ အတီးနှင့်အက၊ အကနှင့်ခြေဟန်လက်ဟန်၊ ခြေဟန်လက်ဟန်နှင့် မျက်နှာထားသုံးမျိုးညီညွတ်ရသည်။ ဟန်ဆိုသည်မှာ တိမ်တောင်တိမ်လိပ်တက်သကဲ့သို့ တစ်ဟန်မှ နှစ်ဟန်သို့ တရိပ်ရိပ်ဖြင့် ကူးပြောင်းမှန်းမသိသိမ်မွေ့စွာ ကူးပြောင်းခြင်းပင်ဖြစ်သည်။ ရာမဇာတ်တော်ကြီးတွင် ဘိုးတော်၊ ရာမ၊ လက္ခဏာ၊ သီတာတို့ထွက်လျှင် ဖရင်းချား သို့မဟုတ် ဖျင်းကိုတီးမှုတ်ပေးရသည်။ ဘီလူးထွက်လျှင်ထပ်တွန့် သို့မဟုတ် ကရောင်းကို တီးမှုတ်ရသည်။ မျောက်ထွက်လာလျှင် ချွတ်သို့မဟုတ် ကပီကိုတီးမှုတ်ပေးရသည်။ သူ့စည်းကမ်းနှင့်သူဖြစ်၍ အလွန်စည်းကမ်းကြီးသည်။

မြန်မာ့ရုပ်စုံသဘင်နှင့် အငြိမ့်သဘင်ပေါ်ပေါက်လာချိန်ကို လေ့လာလျှင်သုတေသနပညာရှင်များက ပုဂံခေတ်တွင် မြန်မာ့ကကြိုးဆွဲရုပ်သေးပညာ ပန္နက်ရိုက်ဟန်တူသည်ဟုဆိုကြသည်။ သို့သော်ပေါ်ပေါက်ပြီးဖြစ်သည်ဟု တိတိကျကျမပြောနိုင်ဘဲ အင်းဝခေတ်သို့ရောက်မှသာ မြန်မာ့ရုပ်စုံသဘင်အသေအချာပေါ်လာသည်ဟု မှတ်တမ်းထားရှိကြသည်။ ရုပ်သေးအတတ်ပညာသည် အင်းဝခေတ်ခရစ်နှစ် ၁၅ ရာစုအတွင်းကပင်ရှိပြီးဖြစ်သလို ကုန်းဘောင်ခေတ်တွင် စနစ်တကျတိုးချဲ့ခဲ့သည်။အငြိမ့်သဘင်ပညာတွင် အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင်ဟူ၍ စဥ့်ကူးမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၃၈ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်တွင်ထုတ်ပြန်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ရှေးခေတ်က အငြိမ့်အမျိုးမျိုးရှိရာ စောင်းအငြိမ့်၊ တယောအငြိမ့်၊ မိကျောင်းအငြိမ့်၊ ပတ္တလားအငြိမ့်ဟူ၍ ရှိခဲ့ပြီး ၎င်းအငြိမ့်များတွင် အကအခုန်မပါဘဲ ယောကျ်ားမိန်းမတို့ထိုင်ဆိုကြသည်။ ဗဒုံမင်းလက်ထက် ညဥ့်ဦးယံတွင် ထိုင်ဆိုအငြိမ့်(နန်းတွင်းအငြိမ့်) ခေတ်စားစပြုလာသည်။ ထို့နောက်တွင်မှ နန်းတွင်းတစ်ပင်တိုင်အက(အငြိမ့်)ပေါ်ပေါက်လာရသည်။

မြန်မာ့သရုပ်မှန်အနုပညာသည် မျိုးချစ်စိတ်ဓာတ်ထက်သန်ရေးနှင့်ဇာတိသွေး၊ ဇာတိမာန်ရှင်သန်မှုကို ရေးရှုသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို များစွာအထောက်အကူပြုသည်။ သရုပ်မှန်အနုပညာတွင် ရသမြောက်သော ဖျော်ဖြေမှုများပါဝင်ပြီး အမျိုးသားရေးကို သွေဖည်ဆန့်ကျင်ခြင်းလုံးဝမရှိပါ။ ယခုဆိုလျှင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့်အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူအမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်(၄)ရပ်နှင့်အညီ ထည်ဝါခံ့ညားစွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တိုင်းရင်းသားအားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို အခြေခံသောခိုင်မာသည့် အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# UNFPA ရုံး၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဂျီနီဗာမြို့ရှိ UNFPA ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda (Arakaki) နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် UNFPA အနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးကို ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda (Arakaki)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် UNFPA ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘုရင့်နောင်တံတားအမှတ်(၁)အနီး ရန်ကုန်-ပုသိမ်လမ်းဘေးရေမြောင်းကို ဆိပ်ကမ်းသာလမ်းဖြတ်၍ လှိုင်မြစ်အတွင်းသို့စီးဆင်းစေရန် ၆၆ လက်မရှိ Pipe Culvert ရေမြောင်းတည်ဆောက်နေမှု၊ ရှမ်းချောင်းရေထိန်းတံခါး ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇) ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံတိုးချဲ့မြေနေရာတွင် ကွန်ကရီခင်းကျင်းထားရှိမှု၊ အုတ်ရေမြောင်း ရေစီးရေလာအခြေအနေ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းဖြတ်၍ Box Culvert တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းလျားကန်ရေမျက်နှာပြင်တိုင်းတာထားရှိမှု၊ ရေကျော်ပေါက်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ အင်းလျားကန်သည် ကန်ရေပြင်အကျယ်အဝန်းဧက ၉၆၀ ရှိ၍ ကန်ရေပြည့်အမှတ် ပင်လယ်ရေမျက်နှာပြင်အထက် ၄၈ ပေရှိသဖြင့် ရေပြည့်အမှတ်မရောက်မီ ကန်တော်ကြီးသို့ ၃၀ လက်မပိုက်ဖြင့် ပေးပို့ခြင်း၊ ရေပိုလွှဲမှတစ်ဆင့် ရေပေါက်ကြည်ချောင်းသို့ဖောက်ထုတ်ခြင်းတို့ဖြင့် ရေကြီးရေလျှံမှု မဖြစ်စေရန် ကန်ရေအားထိန်းညှိဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ကန်တော်ကြီးရေပြင်ထိန်းသိမ်းထားရှိမှုနှင့် အထက်ပန်းဆိုးတန်းလမ်း ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ဆို က ရေး တီး ရိုးရာခရီး

❊ ဆို က ရေး တီး၊ ဒီခရီးသည်
နှစ်အလီလီ၊ ပျိုးထောင်တည်၍
ပင်စည်မြဲခိုင်၊ မယိမ်းယိုင်တည်း
ခေတ်ပြိုင်ဆက်ဆက်၊ နိုင်ငံ့သက်သို့
ခက်လက်ဝေဆာ၊ ကြီးထွားလာခဲ့
ပမာသစ်ပင်၊ တောလုံးဆင်သို့
မြသွင်စိမ်းရွှေ၊ ပန်တျာလေနှင့်
ထွေထွေပြားပြား၊ ခြားခြားစုံစုံ
မြန်ဂုဏ်မြင့်မားပါဘိတောင်း။

❊ ပုဂံ ပင်းယ၊ အင်းဝ တောင်ငူ
မျက်မှူညောင်ရမ်း၊ ကုန်းဘောင်နန်းမှာ
ဆိုကာ ကကာ၊ ရေးဖွဲ့ခါနှင့်
ပညာ အတီး၊ နက်ရှိုင်းကြီး၏
ကောင်းချီးခါခါ၊ နုပညာသည်
ထည်ဝါခမ်းနား ရှိဆဲပင်။

❊ မြစ်တို့ရှည်လျား၊ ရေစီးအားသို့
ဖွံ့ထွားဖြစ်နေ၊ သည်အခြေကို
တို့တွေဆောင်လှမ်း၊ မပင်ပန်းကြ
လန်းလန်းသစ်သစ်၊ ထွန်းပေါ်ရစ်ကြ
တို့ခေတ် တို့ခါ၊ တာဝန်ပါကြ
စီးဖြာနှလုံး၊ အလှဆုံးဟု
ပန်းကုံးဝေဝေ၊ လေပြည်အေးအေး
ထွေးထွေးဖက်ဖက်၊ ဒီနေ့ရက်သည်
ဆယ်သက် ဆယ်ခါ မဆုံးတည်း။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

**လေကောင်းလေသန့်ရသောပတ်ဝန်းကျင်တွင်လမ်းလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၇:၅၀ | မြန်မာ့ရှုခင်း |
| ၅။ | ၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၆။ | ၉:၁၅ | ကျန်းမာသုတ |
| ၇။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၈။ | ၁၈:၁၅ | သီချင်းလက်ဆောင် |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၈:၄၅ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၁။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ အရိယာ သစ္စာန ဒဿနံ** |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၂.၃˚c |
| ရန်ကုန် | ၂၃˚c | / | ၃၁.၆˚c |
| မန္တလေး | ၂၅˚c | / | ၃၃.၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# “အခုလိုမျိုးပြိုင်ပွဲတွေကိုကျင်းပပေးတဲ့အတွက် မျိုးဆက်သစ်လူငယ်တွေရဲ့စိတ်ထဲမှာ ယဉ်ကျေးမှုတွေကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတဲ့အသိတွေရရှိမယ်လို့ထင်ပါတယ်”

ဒေါ်ကြူကြူဝင်း (ရှမ်းပြည်နယ်ကိုယ်စားပြု)
တိုင်းရင်းသားရိုးရာတူရိယာအတီးပြိုင်ပွဲ(ဂုဏ်ပြုဆု)

၂၀၂၄ ခုနှစ် (၅၁)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲကြီးကို ဦးတည်ချက်(၄)ရပ်နှင့်အညီ အောက်တိုဘာလ ၁၄ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ပြုလုပ်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုရရှိသူများ၏ စကားသံများကိုဖော်ပြလိုက်ရပါသည်-


ဒေါ်ကြူကြူဝင်း။


ဒေါ်ကြူကြူခိုင်။


စောဖြိုးဝေ။


မောင်အောင်သက်ပိုင်မှူး။


မောင်စိုးဇော်လတ် ခေါ် ဇော်ဝိုင်း။


မောင်ကောင်းစံဟိန်း။

**ဒေါ်ကြူကြူဝင်း (ရှမ်းပြည်နယ်ကိုယ်စားပြု) တိုင်းရင်းသားရိုးရာတူရိယာအတီးပြိုင်ပွဲ (ဂုဏ်ပြုဆု)**

ကျွန်မတာဝန်ယူထားတဲ့အပိုင်းက ခနုစာပေနှင့် ယဉ်ကျေးမှုတောင်ကြီးအသင်း (ယဉ်ကျေးမှုကိုယ်စားလှယ်) ဒေါ်ကြူကြူဝင်းဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့က ရှမ်းပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားရိုးရာတူရိယာအတီးပြိုင်ပွဲမှာယှဉ်ပြိုင်တာဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာတူရိယာအတီးပြိုင်ပွဲအားလုံးကို ဆုချီးမြှင့်တဲ့အတွက် ဂုဏ်ပြုဆုရရှိတာဖြစ်ပါတယ်။ ကျွန်မက ၁၉၉၄ ခုနှစ်က ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှာ ကာလပေါ်တေးနဲ့အဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒီနှစ်မှာဆိုရင် လူငယ်တော်တော်များများယှဉ်ပြိုင်လာကြတာကိုတွေ့ရတယ်။ ဒုံမင်း၊ ဂီတာ၊ မယ်ဒလင်တို့ဆိုတာ ကျွန်မတို့ရှမ်းပြည်ဘက်မှာ တီးခတ်သူနည်းပါတယ်။ ပြိုင်ပွဲမှာ အဲဒီလိုမျိုးတီးခတ်တဲ့လူငယ်တွေကို ကျွန်မတို့ မြင်တွေ့ရပါတယ်။ ယခုလိုမျိုးပြိုင်ပွဲကြီးတွေကိုကျင်းပပေးတဲ့အတွက်မျိုးဆက်သစ်လူငယ်တွေရဲ့စိတ်ထဲမှာယဉ်ကျေးမှုတွေကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတဲ့အသိတွေရရှိမယ်လို့ထင်ပါတယ်။ ပြိုင်ပွဲမဝင်ခင်ကနေပြိုင်ပွဲပြီးဆုံးချိန်အထိ လိုလေသေးမရှိထောက်ပံ့ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

**ဒေါ်ကြူကြူခိုင်**
**(တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု) ဝါသနာရှင်ပထမတန်းအဆင့် မဟာဂီတအဆို (ပထမဆု)**

တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ဝါသနာရှင်ပထမတန်းအဆင့်အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်တဲ့ ဒေါ်ကြူကြူခိုင်ဖြစ်ပါတယ်။ ကျွန်မက ရွှေတံဆိပ်ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာလူမျိုးတို့ရဲ့ အနှစ်သာရမြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်အစိုးရက ဆက်လက်ထိန်းသိမ်းပေးတဲ့ပွဲလို့ပြောလို့ရပါတယ်။ ကျွန်မက ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှာ အခုရွှေအပါအဝင် ရွှေတံဆိပ် ၁၀ ဆုရှိပါပြီ။ ကျွန်မအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးမှုနဲ့ထိန်းသိမ်းထားပါတယ်။ ရှေ့ဆက်ပြီးလည်း တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်သွားပါ့မယ်။ လူငယ်တွေကလည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြပါလို့ပြောချင်ပါတယ်။ ဒါမှသာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ပိုမိုတည်တံ့ဆက်လက်ထိန်းသိမ်းလာနိုင်မယ်လို့ ကျွန်မပြောချင်ပါတယ်။

**စောဖြိုးဝေ (ကရင်ပြည်နယ်ကိုယ်စားပြု) ကျေးလက်ရိုးရာအက(ဂုဏ်ပြုဆု)**

ကျွန်တော်က ကျေးလက်ရိုးရာအကနဲ့ ဆုရရှိတာဖြစ်ပါတယ်။ ဒီဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်၊ နိုင်ငံတော်က ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် လူငယ်တွေအတွက်ရော ဝါသနာရှင်အနုပညာရှင်ကြီးတွေအတွက်ပါ အလွန်ကောင်းမွန်တဲ့ပွဲအခမ်းအနားလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့အကကို တစ်လလေ့ကျင့်ကြိုးစားခဲ့ရပါတယ်၊ အခုလို ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးမှာ တိုင်းရင်းသားပေါင်းစုံချစ်ကြည်ရင်းနှီးစွာနဲ့ ကျေးလက်ရိုးရာအကကို ကပြဖျော်ဖြေယှဉ်ပြိုင်ရတာအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ချစ်ကြည်မှုကိုဖော်ပြတဲ့ပွဲလို့ ပြောလို့ရပါတယ်။ မိတ်သစ်ဆွေသစ်သူငယ်ချင်းတွေရဲ့ပညာတွေကိုလည်း လေ့လာခွင့်ရပါတယ်၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးရင် ကျွန်တော်တို့လူငယ်တွေရဲ့ စိတ်ထဲမှာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာကို ထိန်းသိမ်းလိုတဲ့စိတ်တွေ ရောက်ရှိမယ်လို့ထင်ပါတယ်။ ယခုလိုပွဲမျိုးကို ကျင်းပပေးတဲ့အတွက်နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေလည်း ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ ပြောချင်ပါတယ်။

**မောင်အောင်သက်ပိုင်မှူး**
**(ချင်းပြည်နယ်ကိုယ်စားပြု) ဝါသနာရှင် ပထမတန်း စန္ဒရား(ရွှေတံဆိပ်ဆု)**

ကျွန်တော်က ချင်းပြည်နယ်ကိုယ်စားပြုအနေနဲ့ လာရောက်ယှဉ်ပြိုင်တဲ့ မောင်အောင်သက်ပိုင်မှူးဖြစ်ပါတယ်။ ကျွန်တော် အဆို၊ အက၊ အရေး၊ အတီးကို ငါးကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဝါသနာရှင်ပထမတန်းစန္ဒရားရွှေတံဆိပ်ဆုကိုရရှိတဲ့အတွက်လည်း အရမ်းကိုဝမ်းသာပါတယ်။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပေးတာက မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင်ထိန်းသိမ်းပေးခြင်းဖြစ်ပါတယ်။ ရွှေတံဆိပ်ဆုကို အသက် ၁၀ နှစ်ကစပြီး စန္ဒရားဆုတွေရတာဖြစ်ပါတယ်။ ပထမတန်းက ရွှေတံဆိပ်အားလုံးပေါင်းလေးဆုရရှိပြီး အဆိုကငွေတံဆိပ်ဆုရရှိပါတယ်။ နောက်လာမယ့် ညီငယ်၊ ညီမငယ်များလည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရအောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ယဉ်ကျေးမှုဖြစ်တဲ့အတွက် ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မှာဖြစ်တာကြောင့် ဒီလိုပွဲမျိုးကို နှစ်စဉ်မပြတ်ကျင်းပပေးဖို့ တောင်းဆိုချင်ပါတယ်။

**မောင်စိုးဇော်လတ် ခေါ် ဇော်ဝိုင်း**
**(ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု) ဝါသနာရှင်ဒုတိယတန်းအဆင့် တေးသီချင်းအရေး(ပထမဆု)**

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ဗဟိုအဆင့်မှာ ဝါသနာရှင်ဒုတိယတန်းအဆင့်တေးသီချင်းအရေးမှာ ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။ ဒီသီချင်းကို ခံစားပြီးရေးတဲ့အခါ အမျိုးသားစည်းလုံးညီညွတ်ရေးကိုတက်ကြွစေအောင်၊ လူတွေရဲ့နှလုံးသားကို ပြုပြင်ပေးနိုင်အောင် အရာအားလုံးကိုခြုံငုံပြီး ရေးသားခဲ့တာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲကြီးကို နိုင်ငံတော်က ကြီးမှူးကျင်းပပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ကောင်းစံဟိန်း (မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု)ချင်းတိုင်းရင်းသားရိုးရာအက(ပထမဆု)**

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုလာရောက်ယှဉ်ပြိုင်တဲ့ မောင်ကောင်းစံဟိန်းဖြစ်ပါတယ်။ ချင်းတိုင်းရင်းသားရိုးရာအကနဲ့ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားအချင်းချင်း ဖေးမကူညီတဲ့ပွဲ၊ စည်းလုံးညီညွတ်တဲ့ပြိုင်ပွဲကြီးလို့ ပြောလို့ရတဲ့ပွဲဖြစ်ပါတယ်။ အခုလိုပွဲကို လာရောက်ယှဉ်ပြိုင်ရတာကောင်းပါတယ်။ အတွေ့အကြုံအများကြီးကိုလည်း ကျွန်တော်ရရှိပါတယ်။ အခုလိုနိုင်ငံတော်က ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကျင်းပပေးတာ ကျွန်တော်တို့အတွက်အခွင့်အလမ်းတွေ အများကြီးရပါတယ်။ ပထမဆုရရှိခဲ့တဲ့အတွက် ကျွန်တော် ဝမ်းသာဂုဏ်ယူပါတယ်။ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ။

**ကျော်လွင်၊ လဲ့ရည်လှိုင်**

## မြောင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲ ၃၀၆၂ ဧက စိုက်ပျိုးနိုင်ခဲ့

မြောင် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲ ၃၀၆၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြောင်မြို့နယ်၌ မတ်ပဲ ၃၀၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ကြရာ ၃၀၆၂ ဧကစိုက်ပျိုးနိုင်ခဲ့သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မြောင်မြို့နယ်မှာ မတ်ပဲသီးနှံ ၃၀၅၇ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၃၀၆၂ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်တဲ့နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်”ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်ကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

★စာမျက်နှာ ၁၇ မှအဆက်

အစဉ်အလာကြီးမားပြီး ခမ်းနားထည်ဝါခဲ့သည့်မြန်မာ့ရုပ်သေးသဘင်နှင့်ဇာတ်သဘင်တို့၏တန်ဖိုးနှင့်အနှစ်သာရပေါ်လွင်အောင်ကြိုးစားဖော်ထုတ်ယှဉ်ပြိုင်တင်ဆက်နိုင်ခဲ့ကြသည်ကို အားရကျေနပ်ဖွယ်တွေ့မြင်ရကြောင်း။

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုကြီးများ သီကုံးစပ်ဆိုခဲ့သည့် တေးဂီတနှင့်သီချင်းတွေကို မျိုးဆက်သစ်လူငယ်များကစိတ်အားထက်သန်စွာ သီဆိုတီးမှုတ်နေကြသည်ကို စာမျက်နှာ ၁၂ သို့★

**❖ မြန်မာ့အနုသုခုမ၏ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက်ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏တွေးခေါ်မြော်မြင်မှုအခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင်ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် အခြေခံပညာအဆင့်(အသက်၁၅နှစ်မှ၂၀နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင်အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ (အမျိုးသား)တွင် ဝါသနာရှင်အဆင့်(ပထမတန်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညီစောခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား)တွင် အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ ၁၅နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့်(ပထမတန်း)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အကပြိုင်ပွဲ (အမျိုးသား) ဝါသနာရှင်အဆင့်(ဒုတိယတန်း)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အကပြိုင်ပွဲ(အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**❖ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ်(Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု(Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်၊ ပြည်ပမှယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ် . . .**

☆ စာမျက်နှာ ၁၁ မှအဆက်

တွေ့မြင်ကြားသိရခြင်းသည် အမျိုးသားရေးအားမာန်တက်ကြွစေသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်မပြတ် တစ်ဆင့်ပြီးတစ်ဆင့် အရည်အသွေးနှင့်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် စနစ်တကျစီမံအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ၏စွမ်းရည်နှင့်တန်ဖိုးကို မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ရင်ထဲ၌စွဲထင်ကိန်းအောင်းလာစေခဲ့ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို တတ်နိုင်သည့်ဘက်က မြှင့်တင်ပေးနိုင်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု(National Culture)၊ အမျိုးသားရေးစိတ်ဓာတ်(National Spirit)နှင့် တန်ဖိုးထားမှုစနစ်(Value System)များသည် ဒေသတစ်ခု၏အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့်မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့်အနုပညာနယ်ပယ်မှ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များကို ဆက်လက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ် တည့်မတ်မြဲမြံခိုင်မာစွာရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ်



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အတီး၊ စောင်းပြိုင်ပွဲ(အမျိုးသား) ဝါသနာရှင်အဆင့်(ပထမတန်း)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

အနုပညာရှင်များအားလုံးကိုအလေးထားတိုက်တွန်းမှာကြားလိုကြောင်း။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့်ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊

စာမျက်နှာ ၁၃ သို့ ☆

★ **စာမျက်နှာ ၁၂ မှအဆက်**

ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုနှင့် ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများမြင့်မားလာအောင် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့်ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က **“တူရိယာစုံစွ ရခိုင်ဂီတ”** တေးသီချင်းဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် ဝါသနာရှင်(ဒုတိယတန်း)အဆင့်တို့၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား)တွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင်ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့် ကောင်စီဝင်များ၏ဇနီးများက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကောင်စီဝင်များက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ဇနီးများက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ၚင်းနောက် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မသွန်းဝတီထွဋ်က “မြန်မာ့ဂီတလှပဝေဆာ”သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အကပြိုင်ပွဲ (အမျိုးသား)(အမျိုးသမီး)တွင် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ အသက်အငယ်ဆုံးပါဝင်ယှဉ်ပြိုင်သူ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မောင်ဟိန်းလင်းမာန်သွေးက ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ဂုဏ်ပြုဆုများပေးအပ်စဉ် အရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်အပြီး၌ အရေးပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေမြင့်မိုရ်က “လူငယ်အားမာန် အမြဲရှင်သန်”တေးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်အပြီး၌ အတီး(ဒုံမင်း)ပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ရွှေတံဆိပ်ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်က “ရွှေမင်းဂံ”သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့်အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်ုပြောအဖွဲ့ထူးချွန်ဆု၊ ပံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုနှင့်ဇာတ်ညွှန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဇနက ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များနှင့် ဇာတ်သရုပ်ဆောင်ထူးချွန်ဆုရရှိသူများ၊ နှစ်ပါးသွားထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆုနှင့် ပံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အင်းတော်မြို့နယ်၌ ဆောင်းနေကြာ ၁၀၉၆၅ ကေစိုက်ပျိုးမည်

**အင်းတော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနေကြာ ၁၀၉၆၅ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်၌ ဆောင်းနေကြာ ၁၀၉၆၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်းမှ စတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် အင်းတော်မြို့နယ်မှာလာမယ့် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ နေကြာကေ ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းခိုင်က ပြောသည်။

အင်းတော်မြို့နယ်၌ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကိုအရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၀၉)

# ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၆၅၀၇ ကေစိုက်ပျိုးပြီးစီး



**ငရုတ်ကောင်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၆၅၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်း၏ ပြောကြားချက်အရ သိရသည်။

ငရုတ်ကောင်းမြို့၌ မိုးသီးနှံစုံလျာထား ၁၆၅၀၇ ကေကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ လျာထားကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မိုးသီးနှံစုံ စုစုပေါင်း ၁၆၅၀၇ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံတွေထဲမှာ မိုးစပါးကို အများဆုံး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးမယ့် သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ သီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မစိုက်ပျိုးမီကနေ စိုက်ပျိုးပြီးတဲ့အထိ တောင်သူတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်'' ဟု ဦးကျော်စွာထွန်းကပြောသည်။

ငရုတ်ကောင်းမြို့၌ စိုက်ပျိုးထားသည့် မိုးသီးနှံစုံမှာ စပါး ၁၄၀၂၃ ကေ၊ မြေပဲ ၅၆၂ ကေ၊ နှမ်း ၅၁ ကေ၊ ဖူးစားပြောင်း ၂၄၇ ကေ၊ ကြံ ၄၁ ကေ၊ ပဲစင်းငုံ ၉၁ ကေ၊ ငရုတ် ကေ ၃၀၊ ကွမ်း ၃၂ ကေ၊ ပီလောပီနံ ကေ ၄၅၀၊ ဟင်းသီးဟင်းရွက် ၈၇၁ ကေ၊ ပန်းအမျိုးမျိုး ကေ ၂၀ နှင့် ပိန်းဥ ၈၉ ကေ ဖြစ်သည်။ အဆိုပါမိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် တခြားလိုအပ်သည့် အရာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်

# မလေးရှားနိုင်ငံတွင်ကျင်းပသည့် မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ၌ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ Best Team Leader ဆုဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့

ရန်ကုန် အောက်တိုဘာ ၂၃

မလေးရှားနိုင်ငံ Fire and Rescue Department of Malaysia က ကြီးမှူး၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်ကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲ (Malaysia International Rescue Extrication Challenge–MIREC)တွင် မြန်မာနိုင်ငံကိုယ်စားပြု ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အသင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နောင်နှင့်တပ်ဖွဲ့ဝင်လေးဦးက Best Team Leader ဆုဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့ကြောင်းသိရသည်။



အဆိုပါပြိုင်ပွဲကို ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ဦးဆောင်ကြီးကြပ်ပြီး သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ အိမ်ရှင်မလေးရှားနိုင်ငံအပါအဝင်မကာအို၊ စင်ကာပူ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံပေါင်း ကိုးနိုင်ငံမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု မီးသတ်ဦးစီးဌာနအသင်းမှ Best Team Leader ဆုကိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယခုရရှိသောဆုသည် ၂၀၂၄ ခုနှစ်အတွင်း တစ်ကြိမ်သာပါဝင်ယှဉ်ပြိုင်ခဲ့ရသည့် နိုင်ငံတကာမီးသတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းဖြစ်ပြီး အလားတူ ၂၀၂၃ ခုနှစ်အတွင်း စင်ကာပူနိုင်ငံမြို့ပြကာကွယ်ရေးတပ်ဖွဲ့ (Singapore Civil Defence Force – SCDF)မှ ဦးဆောင်ကျင်းပသည့် Singapore – Global Firefighters and Paramedics Challenge (SGFPC)2023. Global အဆင့် ဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု မီးသတ်တပ်ဖွဲ့ဝင်သုံးဦးပါဝင်သည့် "Charlie Group"အဖွဲ့မှ ပထမချန်ပီယံဆုကိုလည်းကောင်း၊ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့ဝင်များအကြား တစ်ဦးချင်းမီးငြိမ်းသတ်ရေးနှင့်အသက်ကယ်စွမ်းရည်ပြိုင်ပွဲ Global အဆင့်တွင် မီးသတ်တပ်ကြပ်ကြီးထွန်းနေဝင်းက တတိယဆုကိုလည်းကောင်း အသီးသီးဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်းတစ်လျှောက် ၇၈ နှစ်တာကာလအတွင်း နိုင်ငံတကာမီးသတ်စွမ်းရည်များ ဖိတ်ခေါ်ပြိုင်ပွဲနှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်မှုတွင် ဆုနှစ်ကြိမ်ရရှိခဲ့သည်။

ယခုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏စီမံညွှန်ကြားမှုနှင့်အညီ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းနယ်မြေမီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့်ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident–Vehicle Extrication) သင်တန်းအား နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းမှ ထူးချွန်သင်တန်းသားတပ်ဖွဲ့ဝင်များအား ရွေးချယ်၍ စေလွှတ်ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကာ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြှင့်တင်ရေးအတွက် အထောက်အကူများစွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၆) သင်တန်းဆင်းပွဲကျင်းပ




ရန်ကုန် အောက်တိုဘာ ၂၃

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၆)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရ သင်တန်းသား ဦးသန်းနိုင် ဌာနခွဲစာရေး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုလည်းကောင်း၊ သင်တန်းသူစံပြဆုရ သင်တန်းသူ ဒေါ်အေးသန္တာကျော် ဌာနခွဲစာရေး အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၆၆ ဦး စုစုပေါင်း ၈၂ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ်လ ၁၂ ရက်မှ အောက်တိုဘာလ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၃

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်) သောကြာနေ့သည် "ဒီပါဝလီ"နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၅/၂၀၂၄ ဖြင့် ကြေညာထားသည်။

**(သတင်းစဉ်)**


# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

နေပြည်တော် အောက်တိုဘာ ၂၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် **"အဂတိပယ်ခွာ ပြည်သာယာ"** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးများကို ပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
| --- | --- |
| မြင်းခြံ | (၄.၈၈)လက်မ |
| မဒေါက် | (၂.၅၆)လက်မ |
| ထီးလင်း | (၂.၄၈)လက်မ |
| ပခုက္ကူ | (၂.၄၀)လက်မ |
| လှည်းကူး | (၂.၄၀)လက်မ |
| တောင်တွင်းကြီး | (၂.၂၀)လက်မ |
| ဆင်ဖြူကျွန်း | (၂.၀၅)လက်မ |
| ပေါင် | (၁.၉၃)လက်မ |
| ဟိုင်းကြီးကျွန်း | (၁.၈၅)လက်မ |
| တောင်သာ | (၁.၇၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
| --- | --- | --- |
| ကချင် | ၁၇ | ၃၀ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၀ | ၃၁ |
| ရှမ်း(တောင်) | ၁၈ | ၂၆ |
| ချင်း | ၁၂ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၃ | ၃၀ |
| နေပြည်တော် | ၂၃ | ၃၁ |
| မန္တလေး | ၂၅ | ၃၂ |
| မကွေး | ၂၂ | ၃၁ |
| ရခိုင် | ၂၅ | ၃၂ |
| ပဲခူး | ၂၂ | ၃၃ |
| ရန်ကုန် | ၂၃ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၂ | ၃၀ |

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ စက်ရုံများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၂၃

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Phongxaysack INTHALATH နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ Saysetha Development Zone ရှိ Best Garment (Laos) စက်ရုံနှင့် Honor Home (Laos) Sole Limited စက်ရုံတို့သို့သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများကိုတွေ့ဆုံအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် စက်ရုံများအတွင်း လှည့်လည်ကြည့်ရှု၍ မြန်မာအလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားများအနေဖြင့် ရောက်ရှိသည့် နိုင်ငံ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့်ထုတ်ပြန်ထားသည့် ဥပဒေများ၊ ဒေသန္တရစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်ကြရန်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေပါ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပို့နိုင်ရေးကိစ္စရပ်များအား ရှင်းလင်းမှာကြားကာ အလုပ်သမားများကို သီတင်းကျွတ်အမှတ်တရ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဍဝဝ)

## ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးကို ဒုတိယဝန်ကြီး ဦးစိုးကြည် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda (Arakaki) ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးနိုင်ရေးဆောင်ရွက်နေမှုကိစ္စများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီရေးအဖွဲ့များက ရေဘေးသင့်မြို့နယ်များရှိ ထိခိုက်လွယ်အိမ်ထောင်စုများ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များကို နှစ်သိမ့်ဆွေးနွေးခဲ့မှုများ၊ ၎င်းတို့အား လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် မြဝတီအက်ဖ်စီအသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ မြဝတီအက်ဖ်စီအသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပယ်နယ်တီမှတစ်ဆင့် ကျော်လင်းစိုး၊ သော်ဝဏ္ဏစျာန်တို့ကသွင်းယူပေးခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ခွန်မြင့်ဆွေက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက်သွင်းဂိုးများကို ကောင်းခန့်ကျော်၊ မာတီးနိုး၊ မင်းကိုခန့်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၂ဂိုး၁ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စည်သူအောင်

# ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့်အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကချင်ပြည်နယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

★ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရခိုင်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

နှင့်ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဓလေ့စရိုက်ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှုအခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင်ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ကြောင်း။

ကျွန်တော်တို့မြန်မာလူမျိုးများသည် သမိုင်းအဆက်ဆက်တွင် ယဉ်ကျေးမှုအနုပညာရပ်များကို ဖျော်ဖြေရေးသက်သက်အဖြစ်သာ ရှုမြင်ခံစားခဲ့ကြခြင်းမဟုတ်ဘဲ လူမှုဖွံ့ဖြိုးမှုကို တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အမျိုးသားရေးအမွေအနှစ်များအဖြစ် အလေးထားပြီး အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်ပြုစုပျိုးထောင်လာခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ရုပ်သေးသဘင်နှင့်ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုများသည် စာမျက်နှာ ၁၁ သို့★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တနင်္သာရီတိုင်းဒေသကြီးမှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိကြသည့် အကဲဖြတ်အနုပညာရှင်ကြီး ၁၈၀ ဦး၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုအနှစ်သာရရှိရှိဖြင့် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့်များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလ ရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်းပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား) ဝါသနာရှင်အဆင့်၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်အဆင့်(ဒုတိယတန်း)၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing addresses the prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

NAY PYI TAW October 23

The prize-presentation ceremony of the silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions was held at MICC II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, region /state chief ministers, judges, managers, coaches, supporting teams, prize-winner national races contestants, traditional dance troupes from regions and states and officials.

In his address, the Senior General expressed pleasure and honor as the Competitions was successfully held on a grand-scale with full essence, and with the active participation of 180 judges and 2,584 contestants from all over the country under the State's leadership.

The Senior General said although the Competitions lasted for just a week, it promoted the national essence and sense. It is a prestige for every Myanmar as the Competitions has clearly showcased the highly civilized values of Myanmar performing arts, Myanmar customs and traditions and basic principles of the views of Myanmar society with the power of art within a short period.

All along the course of history, Myanmar people never regarded cultural art just as an entertainment; they seriously treasured and preserved it as a national heritage that could directly support social progress.

Marionette and drama contests of the Competitions could revitalize the majestic and priceless value and essence of marionette and drama. It is a satisfactory result of the Competitions, especially, the scene of young

See Page - 19 ■■



Senior General Min Aung Hlaing presents honorary award to an ethnic traditional troupe.





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch a performance at the prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

■■ From Page - 18

artists enthusiastically playing and singing the songs composed by great composers of the ancient times has enhanced the nationalistic fervour.

The government is supporting the Competition step by step annually under systematic programs to further enhance its quality and standard. Hence, the power and value of Myanmar cultural arts is now in the hearts of the entire nation including the new generation, and the national strength has been promoted to the most possible degree.

National culture, national spirit and value system are the basic forces that are vitally important for the independent development of a region. The people must be aware of the alien cultural penetration through national outlook.

Hence, continued efforts must be made for further flourishing of Myanmar ways, styles, culture and arts of the cultural and art field, one of the arenas to ward off cultural penetration. In all seriousness, all the veteran and new generation artists are urged to apply the power of arts for the country to steer straightly on the path to promote national interest in the future.

I would urge all the relevant officials and artists to strive for further flourishing of Myanmar culture, art and national characteristics to enable the Union of Myanmar to stand tall in the international community as long as the world lasts, to join hands with the power of arts while preserving and valuing the genuine Myanmar culture that has flourished since many years ago for ever activating and thriving of the national dignity, nationalistic fervour of Myanmar people, to instill the fine historical traditions, ancestral pride, high level of culture and civilized attributes of Myanmar in the hearts of new generation and to cement national strength through the power of art for the people to ward off cultural penetration.

The Senior General presented honorary awards to ethnic traditional dance troupes from Kachin, Kayah, Kayin, Chin, Mon, Rakhine and Shan states whereas the wife of the Senior General gave honorary awards to folk cultural troupes from Sagaing, Taninthayi, Bago, Magway, Mandalay, Yangon and Ayeyawady regions, respectively.

The Rakhine ethnic traditional music band played the song with the title of **"Rakhine music in variety of instruments"**.

SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win presented honorary prizes to ethnic traditional cultural troupes from states and his wife Daw Than Than Nwe, medals and certificates of honour to first, second and third prize winners in the Maha Gita (classic song) female amateur (first grade) contest.

SAC Joint Secretary General Ye Win Oo gave medals and certificates of honour to first, second and third prize winners in the Maha Gita song male amateur (first grade) and amateur (second grade) contests and council members, winners in the Maha Gita song male higher education level and basic education level (aged 15-20) and (aged 10-15) contests.

The wife of the Joint Secretary and wives of the SAC members handed medals and certificates of honour to the winners in the Maha Gita female amateur (second grade), higher education and basic education level (aged 15-20) and (aged 10-15) female contests.

Council members awarded winners in the old/modern song amateur (first and second grades), higher education, basic education (aged 15-20) and (aged 10-15) male contests and wives of the council members, winners in the female contests.

The council members and their wives gave medals and certificates of honour to winners in the amateur (second grade) and higher education female and male prestige and integrity uplifting song contests.

Ma Thoon Wady Htut representing Mandalay Region who won the gold medal in the old/modern song basic education (aged 10-15) contest sang the song "Flourishing of Myanmar music".

Council members and their wives presented medals and certificates of honour to the winners in the dancing female and male amateur (first and second grades), higher education and basic education (aged 15-20) and (aged 10-15) contests.

Maung Hein Lin Marn Thway from Ayeyawady Region who was the youngest contestant in the basic education (aged 10-15) dancing contest performed dances.



Daw Kyu Kyu Hla presents honorary award to a cultural troupe.

Union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman and senior military officers from the Office of the Commander-in-Chief also awarded winners in the dancing, song-composing and music contests respectively.

After the awarding ceremony, Ma Eaindray Myint Mo from Yangon Region in the basic education (aged 15-20) song-composing contest sang the song "Lasting strength of youth" and Maung Hein Htet Paing from Bago Region who won the gold medal in the music contest (Donmin) in the basic education (aged 15-20) contest performed the song "Shwe Min Gan".

The wife of the Senior General presented medals and certificates of honour to first, second and third prize winning troups in the marionette troupe contest and the outstanding puppeteers, song performers, supporting music and script writer respectively.

The Senior General presented medals and certificates of honour to the first, second and third prize winning troupes in the Maha Zanaka drama contest and outstanding performers, duet dancer, script-writer, director and supporting music respectively.

Later, the Senior General and his wife cordially greeted the attendees.

**100**

# Plan underway to grow more than 15,000 acres of winter sunflower in Htigyaing Township

HTIGYAING October 23

Local authorities will plan to grow 15,360 acres of winter sunflower in Htigyaing Township of Sagaing Region in coming winter this year, according to the township agriculture department.

Local farmers will cultivate sunflower in Htigyaing Township from October to December this year.

U Ko Ko Aung, Head of Htigyaing Township Agriculture Department commented: "Local authorities set plans to grow more than 15,000 acres of sunflower in coming winter this year. They will provide assistance for local farmers to grow the crops for meeting the target cultivation. Sown acreage of sunflower will be expanded with the aim of reducing import of palm oil. Yield of oil from sunflower is higher than groundnut and sesame. Local farmers prefer to grow sunflower in winter."

Township Agriculture Department conducts training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

This year, local authorities have arranged to provide quality seeds of sunflower and sell urea fertilizers at fair prices to local farmers and managed seed barter system among the farmers.

**SK**

# Shwebo District to place more than 60,000 acres of croplands under chickpea plants

SHWEBO October 23

The statistics of Shwebo District Agriculture Departmentstated that a total of 62,029 acres of croplands will be placed under chickpea plantations in the district in coming winter.

In 2024-2025 winter season, Shwebo Township earmarked 4,831 acres of chickpea, KhinU Township 2,541 acres, Wetlet Township 54,327 acres and Kyaukmyaung 330 acres, totalling 62,029 acres.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department said: "This year, the district will grow more than 60,000 acres of chickpea. Efforts will be made to meet the target cultivation. Sown acres of chickpea in the district are on the rise year by year. Our department will provide quality strains of crops, agricultural inputs and post-harvest technology to local farmers."

Local farmers choose Yezin-8 and Yezin-11 strains of chickpea strains suitable for the region, and they need to spend more than Ks-300,000 per acre of chickpea in cultivation.

Relevant agriculture departments urged local farmers to use Trigodama for prevention of pests in growing pulses and beans.

Sagaing Region produces the largest volume of pulses and beans among other regions and states across the nation. Farmers plant chickpea as mixed crops and separate crops to earn increased incomes for their families.

**SMK**

●● From Page - 21

veteran artistes and members of judges from the central, regional and states committees by the SAC. With an emphasis on organizing the competitions in their full forms and essence, nationalistic meaningfulness and implementation of their objectives, the competitions are annually organized without breaking with tradition. On behalf of the State,I would like to solemnly express my gratitude to veteran artistes for their invaluable artistic assistance in the competitions.

Our national culture is required to be strong in every aspect. Only then, will we be able to adapt to some aspects of foreign cultures, which are compatible with the race, religion and culture of Myanmar, to enrich the aspects of our own national culture.

In times like these, it is essential to constantly nurture and uplift the strength of the arts to maintain and protect national cultural values for the entire population, including the younger generation.

If we study the history of Myanmar's art, we can see that today's prominent veteran artists have become the custodians of a precious Myanmar cultural heritage due to the legacies handed down by the great artists who emerged throughout various eras.

Thus, veteran artists are encouraged to continue cultivating and strengthening the artistic treasures that have been inherited from the traditions and good practices of the masters of the past, making them even more valuable. This effort aims to pass on the artistic heritage to the future generations of young artists.

From the current Silver Jubilee competition to future Gold and Diamond Jubilee competitions, the Myanmar traditional cultural performing arts competitions should be handed down to future generations to continue serving the interests of the country and its people.

Afterward, the Senior General awarded honorary certificates to Chairperson Daw Thin Thin Myat on behalf of the evaluation committee for singing, Chairman U Aung Tin Win on behalf of the evaluation committee for dancing, Chairman U Maung Maung Lat on behalf of the evaluation committee for composing and Chairman U Aung Kane on behalf of the evaluation committee for playing instruments, Sithu Daw Htar, who served as a judge from the first time up to the 25th time in the Myanmar traditional cultural performing arts competitions, Deputy Permanent Secretary of the Ministry of Religious Affairs and Culture U Hlaing Win Maung, who is the head of the traditional ethnic musical orchestra of the Union, U Tin Ohn, the eldest participant in the enthusiast (first level) category in the singing contest, Maung Hein Lin Marn Thway, the youngest participant in the basic education level (ages 10 to 15) in the dancing contest, U Pho Chit, Chairman of the Myanmar Thabin Association (Central), who supported the grand dramatic competition, and managers and masters of ceremonies from regions and states.



Senior General Min Aung Hlaing presents certificate of honour.



The commemorative dinner in progress.

Afterward, Sithu Daw Htar gave a thank-you speech.

The Senior General and wife had a honorary dinner together with the competition participants, and guests.

Before and during the dinner, performances were presented by artists from the Fine Arts Department under the Ministry of Religious Affairs and Culture, the Myanmar Radio and Television under the Ministry of Information, and the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, who entertained with songs, musical performances, and dances.

At the conclusion of the dinner, the Senior General presented floral tributes to the performing artists and warmly greeted them. **100**

# More than 28,000 acres of monsoon sesame planted in Dabayin Township

DABAYIN October 23

According to the statistics of YeU District Agriculture Department, a total of 28,325 acres of monsoon sesame has been planted in Dabayin Township of Sagaing Region this monsoon.

Local farmers exceeded cultivation of monsoon sesame on 26,325 acres of croplands more than the target cultivation of 26,869 acres in Dabayin Township this monsoon.

U Zaw Myint Tun, head of YeU District Agriculture Department said: "We planned to grow more than 26,000 acres of monsoon sesame but local farmers planted more than 28,000 acres of monsoon sesame exceeding the target. Our department helps local farmers expand sown acreage of sesame, use agricultural techniques and GAP system for boosting per-acre yield of crops."

This year, agriculturists share knowledge about agricultural techniques with local farmers with provisions of quality strains of crops.

The crops produced in GAP system can fetch good prices in domestic and foreign markets, and it can help increase incomes of farmers.

**SMK**

# Yinmabin District finishes cultivation of more than 100,000 acres of monsoon paddy this year

YINMABIN October 23

Bases on Yinmabin District Agriculture Department, local farmers have planted 102,831 acres of monsoon paddy in Yinmabin District of Sagaing Region this year.

In 2024-2025 monsoon season, local authorities earmarked cultivation of 103,400 acres of monsoon paddy, 102,831 acres of which has been planted by local farmers.

Daw Myat Moe Win, Head of Yinmabin District Agriculture Department clarified: "Farmers have planted 102,831 acres of monsoon paddy this monsoon against the target of 103,400 acres. Our department provides necessary assistance for local farmers with technologies and quality strains of crops."

This year, Yinmabin Township planted 29,143 acres of monsoon paddy, Kani Township 24,055 acres, Salingyi Township 4,405 acres and Pale Township 45,228 acres, totalling 102,831 acres.

Agricultural officials help local farmers use agrucultrural techniques, prevent pests, minimize loss and waste of crops and keep crops under shelters in time.

Officials of Township Agriculture Department make field trips to paddy plantations to choose quality strains of crops, prevent pests, weed plantations, remove different strains of crops and systematically use fertilizers.

**SK**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends ceremony to present certificates of honour, dinner commemorating Silver Jubilee 25th Anniversary Traditional Cultural Performing Arts Competition

NAY PYI TAW October 23

A ceremony to present certificates of honour and dinner commemorating the Silver Jubilee 25th Anniversary Traditional Cultural Performing Arts Competition were held at the Myanmar International Convention Centre- II in Nay Pyi Taw this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and dinner.

First, the Senior General and wife and guests were welcomed with traditional cultural music and dances by members of traditional cultural troupes of ethnic national races.

Present at the ceremony were Daw Kyu Kyu Hla, the wife of the Senior General, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary and wife and the joint secretary and wife of the SAC, members of the SAC and their wives, union level officials, union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, members of the steering committee, work committees and sub-committees for organizing the competition, expert judges, managers, instructors and responsible officials and contestants from regions and states.

The Senior General delivered an address, saying the purpose of the ceremony is to honour

See Page - 20 ●●



Senior General Min Aung Hlaing presents certificate of honour.



Senior General Min Aung Hlaing presents certificate of honour.



Senior General Min Aung Hlaing presents certificate of honour.



Senior General Min Aung Hlaing presents certificate of honour.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၃-၁၀-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၆၅။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ဝေဇာနိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၆၆၆။ | ဦးရန်တန်းရှင်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၆၆၇။ | စစ်တက္ကသိုလ်အမှတ်စဉ်(၆၆)မှ ဗိုလ်လောင်းများကောင်းမှု | ၈၀၀၀၀၀ |
| ၉၆၆၈။ | ဦးအုန်းပိုင်နှင့်ဇနီး ဒေါ်မာမာအေး၊ (သမီး)မရှယ်ရတနာဦး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၆၉။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ပင်မဆက်သွယ်ရေးအလုပ်ရုံမှ တပည့်များကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၀။ | ကွယ်လွန်သူဗိုလ်ကြီးနိုင်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၁။ | ဒေါက်တာအောင်ကြီးနှင့်ဝန်ထမ်းမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၉၆၇၂။ | ဦးမင်းမင်းနှင့်ဇနီး ဒေါ်စောမြင့်ကြူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၃။ | ကိုကျော်ငွေးနှင့်ဇနီး မထက်ထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၄။ | ဦးအောင်ငြိမ်းနှင့်ဇနီး ဒေါ်သောင်းရင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၅။ | ဆရာမဒေါ်ခင်ခင်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၆။ | ဦးတင်မြိုင်နှင့်ဇနီး ဒေါ်တင်ဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၇။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ဇနီးဒေါ်ခင်စိုးသိန်း၊ (သား)ဒုတိယဗိုလ်မှူးကြီးဇင်လှိုင်မျိုး နှင့်ဇနီး ဒေါ်တင်နီလာဝင်း၊ ဒုတိယဗိုလ်မှူးကြီးညီညီနိုင် နှင့်ဇနီး ဒေါ်နှင်းသန္တာစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၈။ | ဦးအောင်ရဲထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၉။ | ဦးခင်မောင်ဦးနှင့်ဇနီး ဒေါ်ရင်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၀။ | ဦးခင်အေးနှင့်ဇနီး ဒေါ်စုစုနွယ်၊ (သမီး)မသူသူနွယ်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၁။ | ကိုချမ်း၊ ကိုထက်၊ ကိုခန့်၊ မမို၊ ကိုစွမ်း မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၂။ | ဦးရန်အောင်နှင့်ဇနီး ဒေါ်ဝင်းဝင်းမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၈၃။ | ဗိုလ်မှူးကြီးစိန်လှမြင့်နှင့်ဇနီး ဒေါ်ခင်စန်းရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၄။ | ဦးမောင်စံနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၅။ | ကွယ်လွန်သူဒေါ်သိဂီလွင်အားရည်စူး၍ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၆။ | ဦးထွန်းရွှေမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၉၆၈၇။ | ဦးစိုးကြည်နှင့်ဇနီး ဒေါ်အေးပို မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၆၈၈။ | ဦးသိန်းငွေးနှင့်ဇနီး ဒေါ်ဆွေဆွေဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၈၉။ | ဒေါ်မြမြသန်း၊ (သမီး)မစန္ဒာစိုးဝင်း၊ (မြေး)မချမ်းမြခွာညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၀။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ခင်သန်းစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၁။ | ဒေါ်ခင်မွှေးမွှေးစိန်၊ (သား)မောင်ပြေပိုင်ထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးပြည်စိုးထိုက်နှင့်ဇနီး မခင်သစ္စာ၊ (သား)မောင်ခန့်ဘုန်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၃။ | ဦးကောင်းခန့်ကိုနှင့်ဇနီး ဒေါ်ဖြူဖြူသင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၄။ | အဘွားဒေါ်သန်းညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၅။ | ဒေါ်ဝင်းကြည်နှင့် ညီမများကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၆။ | ဦးတင်မောင်ဆွေနှင့်ဇနီး ဒေါ်အေးသောင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၇။ | မနှင်းနှင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၈။ | ဦးထွန်းနိုင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၉။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ခင်စန္ဒီထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၀။ | ဦးဝင်းမင်းမင်းနိုင်နှင့်ဇနီး ဒေါ်ဝေဝေလွင်၊ (သမီး)မမိုးပြည့်ပြည့်မင်း မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၀၁။ | ဗိုလ်မှူးချုပ်သိန်းထူးနှင့်ဇနီး ဒေါက်တာဒေါ်အေးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၂။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ဆွေဆွေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၃။ | ကွယ်လွန်သူမိခင်ဒေါ်မြင့်မြင့်အားရည်စူး၍ ဒေါ်အေးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၄။ | ဦးကိုကိုလတ်နှင့်ဇနီး ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၅။ | ကွယ်လွန်သူဒေါ်ဝင်းကြည်အားရည်စူး၍ ဦးစောမောင်နှင့်ဇနီး ဒေါ်မျိုးတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၆။ | ဦးအောင်မြင့်မြတ်နှင့်ဇနီး ဒေါ်နွေဇင်မာ၊ (သမီး)မကေသရီမြင့်မြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၇။ | ကိုတင်ထက်လင်းနှင့်ဇနီး မကြည်ပြာအောင်မျိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၈။ | ကွယ်လွန်သူ ဘိုးဘိုးကြီးဦးသိန်းတင်အားရည်စူး၍ ကိုသော်ဇင်နှင့်ဇနီး မဖြိုးသီရိဝင်း၊ (သား)မောင်သူရဘုန်းဉာဏ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၉။ | ဦးဗိုလ်ဟိန်းနှင့်ဇနီး ဒေါ်မိုးသဥ္ဇာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၀။ | ဦးအောင်မြတ်မင်းနှင့်ဇနီး ဒေါ်ညိုမီအောင်၊ (သား)မောင်မြတ်ကိုကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၁။ | ဦးကြည်စောနှင့်ဇနီး ဒေါ်မီမီမောင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၂။ | ဦးမျိုးမျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၃။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝိုင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၄။ | ဦးသက်မြင့်နှင့်ဇနီး ဒေါ်ကလျာမင်းမင်းထွန်း၊ (သမီး)မစန္ဒီသက်မြတ်၊ မမြမှူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၅။ | ကွယ်လွန်သူဒေါက်တာလှဟန်နှင့်ဇနီး ဒေါ်အုန်းမေ၊ ဒေါ်ပြုံးချိုတို့အားရည်စူး၍ ဦးတင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်မာရင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၆။ | ကွယ်လွန်သူဗိုလ်ကြီးသန့်ညီညီ(ခ)သန်းရှိန်ညီညီအား ရည်စူး၍ ဦးခင်မောင်ရည်နှင့်ဇနီး ဒေါ်နီနီရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၇။ | ကိုမျိုးဆွေဦးနှင့်ဇနီး မမြသဇင်ခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ တပင်ရွှေထီးရပ်ကွက်နေ ထင်လင်းကျော်(ဘ)ဦးကျော်မျိုးဆက် ၇/တငန(နိုင်)၁၉၂၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 569062)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့၊ မျောက်ချောကုန်းကျေးရွာနေ ခိုင်ဇော်အောင်(ဘ)ဦးအောင်သန်းစိုး ၁၄/အဂပ(နိုင်)၂၅၀၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ပေါက်ခေါင်းမြို့၊ ကုန်းတန်းကျေးရွာနေ ယုမာလှိုင်(ဘ)ဦးအောင်မြင့် ၇/ပခတ(နိုင်)၀၆၉၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဖြူးမြို့နေ ပပဖြိုး(ဘ)ပရင်မလာလ် ၇/ဖမန(နိုင်)၂၃၉၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ရမ်းဗြဲမြို့နယ်၊ မကျည်းရွာနေ မနီနီစိုး(ဘ)ဦးတင်ထွန်း ၁၁/ရဗန(နိုင်)၀၇၁၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 749703)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့၊ ပေါက်တပင်ရွာနေ မောင်ချစ်မင်းဦး(ဘ)ဦးခင်မောင်ဦး ၇/ဒဥန(နိုင်)၂၄၁၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၈၆၃၄၈၃

# မျှတမှုရှိသော ကမ္ဘာ့အစီအစဉ်အတွက် ခိုင်မာစွာပူးပေါင်းဆောင်ရွက်မည်ဟု ပူတင်နှင့်ရှီကျင့်ဖျင်ကတိပြု




**ကာဇန်၊ ဆက်ဆံရေး**

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့က ယခုနှစ်အတွင်း တတိယအကြိမ်မြောက် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုအတွင်း မျှတမှုရှိသော ကမ္ဘာ့အစီအစဉ်အတွက် နှစ်နိုင်ငံကြား ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုကြောင်းသိရသည်။

ပူတင်နှင့်ရှီကျင့်ဖျင်တို့သည် ရုရှားနိုင်ငံ ကာဇန်မြို့တွင် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပသော BRICS အဖွဲ့ထိပ်သီးညီလာခံ၏ ဘေးပန်းတွေ့ဆုံမှု၌ ဆွေးနွေးစဉ် ယခုလိုကတိပြုခြင်းဖြစ်သည်။

ကမ္ဘာ့ရေးရာတွင် ရုရှားနိုင်ငံနှင့်တရုတ်နိုင်ငံတို့ကြားပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့တည်ငြိမ်မှုကိုဆောင်ကြဉ်းပေးနေသည့် အကြောင်းရင်းများအနက်တစ်ခုဖြစ်ကြောင်း ပူတင်ကပြောသည်။

အလားတူ ယနေ့ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း တွေ့မြင်ဖူးခြင်းမရှိသည့် ပုံစံသို့ပြောင်းလဲလာနေကြောင်း၊ ကမ္ဘာ့အခြေအနေအရပ်ရပ်သည် ဝရုန်းသုန်းကားဆန်နေကြောင်း ရှီကျင့်ဖျင်ကပြောသည်။

သို့သော် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား မျိုးဆက်အဆက်ဆက်အတွက်နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်မှုသည် ပြောင်းလဲမှုရှိမည်မဟုတ်သလို အင်အားကြီးနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာကြီးနှင့်ကမ္ဘာသူကမ္ဘာသားများအပေါ် တာဝန်ရှိမှုကလည်း ပြောင်းလဲသွားမည်မဟုတ်ကြောင်း ရှီကျင့်ဖျင်က ပြောသည်ဟု တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုကဖော်ပြထားသည်။

Ref: RT

# အမေရိကန်ကြောင့် နျူကလီးယားဒုံးကျည်များတိုးမြှင့်ထုတ်လုပ်သွားရမည်ဟု ကင်ဂျုံအွန်ပြော

**ပြုံယမ်း၊ လုံခြုံရေး**

အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များဖြင့် ခြိမ်းခြောက်လာမှုများကြောင့် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားဒုံးကျည်များကို တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း ထိုနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်ကပြောသည်။



ကင်ဂျုံအွန်က အောက်တိုဘာလ ၂၃ ရက်တွင် မဟာဗျူဟာမြောက်ဒုံးတပ်ဖွဲ့များကိုလိုက်လံစစ်ဆေးစဉ် ဒုံးကျည်များသည် မြောက်ကိုရီးယားနိုင်ငံ၏ အဟန့်အတားအတွက် အရေးပါသောအရာများဖြစ်ပြီး ဒုံးကျည်စနစ်များကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်သွားရမည်ဟုညွှန်ကြားကြောင်း KCNA သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ၏ဒုံးတပ်ဖွဲ့များသည် မည်သည့်အချိန်အခါတွင်မဆို ရန်သူ့တပ်ဖွဲ့များအပေါ် မဟာဗျူဟာကျကျ စွာတုံ့ပြန်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ရမည်ဟု ကင်ဂျုံအွန်ကပြောသည်။

မြောက်ကိုရီးယားက ယူကရိန်းစစ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားသို့စစ်သည်များစေလွှတ်ထားသည်ဟု အမေရိကန်ဘက်က စွပ်စွဲမှုများလုပ်ဆောင်ထားစဉ် မြောက်ကိုရီးယားခေါင်းဆောင်က ယခုကဲ့သို့လမ်းညွှန်မှုများလုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT

# ရှီကျင့်ဖျင်နှင့်မိုဒီတို့ ငါးနှစ်အတွင်း ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေး

**နယူးဒေလီ၊ ဆက်ဆံရေး**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့က BRICS အဖွဲ့ထိပ်သီးညီလာခံ၏ ဘေးပန်းတွေ့ဆုံမှု၌ ဆွေးနွေးကြောင်းသိရသည်။ အောက်တိုဘာလ ၂၃ ရက်တွင်လုပ်ဆောင်သော ထိုသို့တွေ့ဆုံမှုက ၎င်းတို့နှစ်ဦးကြား ငါးနှစ်အတွင်းပထမဆုံးတွေ့ဆုံမှုဖြစ်သည်။

ထို့ပြင် အဆိုပါနိုင်ငံ့ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံမှုသည် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ကြားဖြစ်ပွားနေသည့် နယ်စပ်ရေးရာကိစ္စရပ်များအငြင်းပွားမှုက ပြေလည်မှုရရှိသွားပြီဟူသောအခြေအနေကို ညွှန်ပြနေသည်။

အလားတူ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ကြား နယ်စပ်ဒေသတွင် ကင်းလှည့်ရေးသဘောတူညီချက်ရရှိပြီးနောက် အဆိုပါခေါင်းဆောင်နှစ်ဦးတွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ထို့အတူ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများအပါအဝင် အဆင့်မြင့်အရာရှိကြီးများကြား တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် နှစ်နိုင်ငံကြားသဘောတူညီချက်ရရှိခြင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များကြားတွေ့ဆုံဆွေးနွေးခြင်းတို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ယခုတွေ့ဆုံမှုတွင် မည်သည့်အကြောင်းအရာများဆွေးနွေးသွားသည်ကို သတင်းဌာနများကဖော်ပြထားခြင်းမရှိကြောင်းသိရသည်။

Ref: HT

## သတင်းတိုကဏ္ဍ

### အပူပိုင်းမုန်တိုင်းထရာမီကြောင့် ဖိလစ်ပိုင်၌ လူ ၁၄ ဦးသေဆုံး

အလွန်အားကောင်းသော အပူပိုင်းမုန်တိုင်းထရာမီအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဦးတည်တိုက်ခတ်မှုက နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းဒေသသို့ ချဉ်းကပ်လာစဉ် မုန်တိုင်း၏အရှိန်ကြောင့် ကျေးရွာများ၌ရေလွှမ်းမိုးခြင်းနှင့် မြစ်ရေကြီးခြင်းတို့ဖြစ်ပွားပြီး အနည်းဆုံးလူ ၁၄ ဦးသေဆုံးကြောင်းနှင့်ပြည်သူထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့ဂျူနီယာက တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မုန်တိုင်းကကုန်းတွင်းပိုင်းသို့ဝင်ရောက်စဉ် ဖြစ်ပေါ်နိုင်သည့်အခြေအနေများအတွက် အသင့်ကြိုတင်ပြင်ဆင်ထားရန် အောက်တိုဘာလ ၂၃ ရက်တွင်ညွှန်ကြားထားသည်။ မုန်တိုင်းထရာမီသည် အောက်တိုဘာလ ၂၄ ရက်အစောပိုင်းတွင် အစ္စဘယ်လာပြည်နယ်ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီအချိန် မိုးလေဝသဌာန၏ထုတ်ပြန်ချက်အရ မုန်တိုင်းဗဟိုချက်သည် ထိုပြည်နယ်ရှိ အီချာဂူးမြို့အရှေ့မြောက်ဘက် ၁၀၉ မိုင်အကွာတွင်တည်ရှိနေသောကြောင့် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်းဖော်ပြထားသည်ဟုသိရသည်။

Ref: RTA

### ဆေးရုံအောက်ရှိ ဟစ်ဇဘိုလာဘန်ကာတစ်ခု၌ ငွေများမရှိဟုဆို

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၏ဆေးရုံတစ်ရုံအောက်ရှိ ဟစ်ဇဘိုလာအဖွဲ့၏ ဘန်ကာတစ်လုံးအတွင်း အစ္စရေးတပ်ဖွဲ့က ပြောထားသကဲ့သို့ ငွေများရှိနေခြင်းမရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်က အောက်တိုဘာလ ၂၃ ရက်တွင်ပြောသည်။

ဟစ်ဇဘိုလာအဖွဲ့သည် ငွေသားဒေါ်လာသန်းပေါင်းများစွာနှင့်ရွှေချောင်းများကို ဘေရွတ်မြို့ဆေးရုံတစ်ရုံအောက်ရှိ ဘန်ကာတစ်လုံးအတွင်း သိမ်းဆည်းထားသည်ဟု အစ္စရေးစစ်ဘက်ကထုတ်ပြန်ထားခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါနေရာကိုတိုက်ခိုက်ရန်လိုအပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့မတိုက်ခိုက်ပါက ဟစ်ဇဘိုလာတို့၏ဘဏ္ဍာရေးအရင်းအမြစ်ကို ဖြတ်တောက်နိုင်မည်မဟုတ်ကြောင်း အစ္စရေး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သို့သော် ထိုဘန်ကာ၌ ငွေများကိုသိမ်းဆည်းထားသည့် သက်သေအထောက်အထားများမတွေ့ရှိရကြောင်း၊ အမေရိကန်အနေဖြင့် အစ္စရေးနှင့်ဆက်လက်ပူးပေါင်းကာ သက်သေပြနိုင်သည့်အချက်များကို ရှာဖွေသွားမည်ဖြစ်ကြောင်း လွိုက်အော်စတင်ကပြောထားသည်။

Ref: TST

### နယူးဒေလီမြို့၌ မီးခိုးမြူများဖုံးလွှမ်းမှုဖြစ်ပွား

အိန္ဒိယနိုင်ငံ၌ မီးရှူးမီးပန်းများဖောက်ခြင်း၊ လယ်ယာရိုးပြတ်များကိုမီးရှို့ခြင်းတို့ကြောင့် အောက်တိုဘာလ ၂၃ ရက်တွင် နယူးဒေလီမြို့၌ မီးခိုးမြူများဖုံးလွှမ်းမှုဖြစ်ပွားကြောင်းသိရသည်။ ထိုသို့မီးခိုးမြူများဖုံးလွှမ်းမှုသည် ယခုနှစ်ဆောင်းရာသီတွင် နယူးဒေလီမြို့အတွက် ပထမဆုံးဖြစ်ပွားခြင်းဖြစ်သည်။

မီးခိုးမြူများထူထပ်မှုကြောင့် နယူးဒေလီမြို့၏နာမည်ကျော်အထိမ်းအမှတ်နေရာဖြစ်သည့် India Gate သည်ပင် မီးခိုးမြူများ၏ဖုံးလွှမ်းမှုခံရကာ ခရီးသွားလာသူများမှာလည်း မီးခိုးငွေ့များကြားမှနေ၍ ချောင်းတဟွတ်ဟွတ်ဖြင့်ဖြတ်သန်းသွားလာနေရသည်။

ထိုမြို့၌ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလက်ခံနိုင်သည့်ပမာဏထက် ၂၃ ဆနီးပါးမြင့်တက်နေကာ PM2.5 အမှုန်ပါဝင်မှုသည် တစ်ကုဗမီတာတွင် ၃၄၄ မိုက်ခရိုဂရမ်အထိတည်ရှိနေသည်ကိုတွေ့ရသည်။

လူဦးရေသန်း ၃၀ ကျော်နေထိုင်လျက်ရှိသည့် နယူးဒေလီမြို့သည် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှုအဆိုးဆုံးသော မြို့ပြနေရာတစ်ခုအဖြစ် မကြာခဏမှတ်တမ်းအတင်ခံရလေ့ရှိကြောင်း လေ့လာသူများကပြောသည်။

Ref: RTA

### ဗြိတိန်က အမေရိကန်ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်နေ

ဗြိတိန်နိုင်ငံသည် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်နေကြောင်း ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း ဒေါ်နယ်ထရမ့်၏အဖွဲ့ကပြောထားသည်။

ဗြိတိန်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့် လေဘာပါတီမှတာဝန်ရှိသူများက ယိမ်းလွယ်သောပြည်နယ်များရှိ မြေပြင်တွင် ရွေးကောက်ပွဲမဲဆွယ်လုပ်ငန်းများလုပ်နေသော ဒီမိုကရက်တစ်ပါတီမှတာဝန်ရှိသူများကို မဟာဗျူဟာများနှင့်ပတ်သက်၍အကြံပေးမှုများရှိနေသည်ဟု ထရမ့်၏အဖွဲ့ကပြောထားခြင်းဖြစ်သည်။

သို့သော် ထိုသို့အကြံများပေးခြင်းကတရားဝင်ကြောင်း၊ ဒီမိုကရက်များထံသို့ မည်သည့်ပစ္စည်းဥစ္စာများထောက်ပံ့ပေးနေခြင်းမဟုတ်ကြောင်း လေဘာပါတီက တုံ့ပြန်ထားသည်။


ထိုအခြေအနေနှင့်ပတ်သက်၍ ထရမ့်၏အဖွဲ့က ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ တိုင်စာပေးပို့ထားခြင်းဖြစ်ပြီး ဗြိတိန်နိုင်ငံမှလေဘာပါတီအနေဖြင့် အမေရိကန်နိုင်ငံ၏ရွေးကောက်ပွဲတွင် ဖြောင့်ကျကျစွက်ဖက်နေခြင်းဖြစ်သည်ဟု တိုင်စာ၌ဖော်ပြထားသည်။ လေဘာပါတီ၏ကူညီပေးနေမှုများကို ပြည်တွင်းသတင်းဌာနများကလည်း အကျယ်တဝင့်ဖော်ပြထားကြောင်းသိရသည်။

Ref: RT


# ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” (DANA) သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ဂွမြို့(Gwa)၏ အနောက်ဘက် ရေမိုင် ၃၂၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း (Sagar Island)၏တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။




၂၃-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ(DANA)” လမ်းကြောင်းပြမြေပုံ




ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” သည်အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ပိုမိုအားကောင်းလာကာ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ်သို့ ရောက်ရှိနိုင်ပြီး အောက်တိုဘာလ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ သြရိသပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့(Puri)နှင့် ဆာဂါကျွန်း(Sagar Island) တို့အကြား ဒမ်မရာမြို့(Dhamara)အနီးမှ ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” ၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာလ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော သိဒ္ဓိထွန်းအမှတ်တံဆိပ် အမျိုးသားအားဆေး၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် သက်စောင့်အားတိုးဆေးနှင့် ဆောင်တော်ကူးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေးတို့သည် အခြားဆေး၏တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများပါဝင်နေသည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့်အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | သိဒ္ဓိထွန်း | အမျိုးသားအားဆေး | ဆေးမှုန့် | ဇီဝသိဒ္ဓိတိုင်းရင်းဆေးတိုက် အမှတ်ဖ/၂၊ ၅လွှာ၊ ၁၅ဖလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | သက်စောင့်အားတိုးဆေး | ဆေးမှုန့် | သမားဒေဝါဆေးတိုက် အမှတ်၁ဖ၅၊ ပထမထပ်၊ ဗညားဒလလမ်းမကြီး၊ ၁၁၉ စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | Sildenafil |
| ၃။ | ဆောင်တော်ကူး | အမျိုးသားအကြောအားတိုးဆေး | ဆေးမှုန့် | အမှတ်၇ဖ၈၊သပြေလမ်း၊ (၈)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |








Sildenafil ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့်တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**အောက်တိုဘာလ ၂၁ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၈၄၇၃၉)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၂၂ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၂၉၈၂၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၁၄၅၅၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၂၂ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၃၆၆)တန်၊ အခြားသစ် (၁ ဒသမ ၂၈၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၄၂၈၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၆၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လက်ဝတ်ရတနာပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့၊ ပြည်ထောင်စုလမ်းမကြီးအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၆၉၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၇၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီးနှင့် စက်မှုဇုန်ထုတ် Kyaw Thitsar Hi-Ace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် ကွတ်ခိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus (၁)စီးနှင့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့၊ စဉ့်ကိုင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၇၆၄၉၁)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၃၁၄၉၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်၊ သဘော့ကန်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (၂၁)ပီပါ၊ ဒီဇယ် (၂)ပီပါ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၉၆၂၀၀၀)ကို ရေနံနှင့်ရေနံ ထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်း ကောင်း၊ ငပုတောမြို့နယ်၊ ဈေးတံတား အနီး၌ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၀၄၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ဟင်္သာတ မြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ( သုည ဒသမ ၄၇၉) တန်၊ အခြားသစ်(၆ ဒသမ ၉၂)တန်(ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၂၇၄၄)ကို သစ်တော ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၂၃၅၁၄၄)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၂၁ ရက်နှင့် ၂၂ ရက် တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၁၀၆၄၇၈)** ဖမ်းဆီးရမိခဲ့သည်။ တရား မဝင်တင်သွင်းမှုများနှင့် သစ်များတရားမဝင် တင်ပို့မှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင် မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့်အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှု များဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရ သည်။

**(သတင်းစဉ်)**

# ကုန်ထုတ်လမ်းပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**သာစည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မဲတောကျေးရွာ၌ ကုန်ထုတ်လမ်းပျက်စီး နေမှုအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုအောက် တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန် ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီး အရာရှိ-နည်းပညာ ဒေါ်အေးမို့မို့ပိုင်နှင့် ဝန်ထမ်းများက မဲတောကျေးရွာရှိကုန်ထုတ် လမ်း ၁/၀ မိုင်အနက် ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ၀/၀ ဒသမ ၂၂၇ မိုင်အား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ များကို မြေပြင်ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီ အောင်ဆောင်ရွက်ကြရန်ပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။

မဲတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁ ဒသမ ၁၃ သန်းဖြင့် ၀/၀ ဒသမ ၂၂၇ မိုင် ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်း၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၆ လက်မထုခင်းခြင်း လုပ်ငန်းကို အောက်တိုဘာလတတိယပတ် မှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက် ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌာရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thet Wai Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်နေ သက်ဖူးဝေ(ခ) သက်ဝေဖြိုးအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့အတွင်း သောင်းကျန်းသူများစိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သောနယ်မြေလုံခြုံရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဘုတလင်မြို့နယ်၊ စီပါကျေးရွာမှ အပြစ်မဲ့ပြည်သူ ၆ ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ကို အောက်တိုဘာလ ၂၁ ရက်တွင် နိုင်ငံပိုင်သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လူမဆန်သည့် ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် အများပြည်သူစိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်သည့်သတင်းမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၃၄ ဒသမ ၈၅၈၈)တန်၊ သစ်မာ (၄ ဒသမ ၆၆၀၀)တန်၊ အခြား (၅၁ ဒသမ ၈၉၂၈)တန် စုစုပေါင်း (၉၁ ဒသမ ၄၁၁၆) တန်နှင့် ယာဉ်/ယန္တရား (၁)စီး၊ တရားခံ (၁၀)ဦး** ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအားမည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
KHA YAE PIN MART
STARMART Nay Pyi Taw
STARMART MANDALAY Wholesale
STARMART nine mile Showroom


International Brewing Awards ၊ Australian International Beer Awards ၊ Monde (World) Selection ၊
European Beer Star ...
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
KHA YAE PIN MART
STARMART nine mile Showroom
STARMART MANDALAY Wholesale
STARMART Nay Pyi Taw


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
AIBA


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ๑๑/ ၂၀၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (<u>www.myawady.net.mm/nurse(male)</u>)**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (<u>www.myawady.net.mm/nurse(male)</u>)တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal** (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကျင်းပ၊ နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်၊ ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် ၄ စင်းပြန်လည်ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၃

ဒုတိယအကြိမ်မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက် နေ့လယ်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်(ရေ)နှင့် ရုရှားရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ဒုတိယ အကြိမ် မြန်မာ-ရုရှား ရေကြောင်း လုံခြုံရေး ဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ရုရှား ရေတပ် Russian Pacific Fleet မှစစ်ရေယာဉ် ၄ စင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီး များ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာ နိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲများအပြန်အလှန်ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ကြပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက်လေ့ကျင့်ခန်းဧရိယာသို့ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(၁၀၀)



ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် ၄ စင်းအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။



မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ နှစ်နိုင်ငံစစ်ရေယာဉ်များပေါ်တွင် အပြန်အလှန် လေ့လာကြစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၀၀ | ၃၀၈၀ | ၃၀၅၅ | ၃၀၁၀ | ၃၀၈၀ | ၃၀၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၀၇၀ | ၃၀၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကိုဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက အနုပညာရှင်များ၏တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား

စာမျက်နှာ ၅ ကော်လံ ၁ ■

**ဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်** စာ - ၂၄ သို့

**နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက ဟောင်ကောင်အမျိုးသမီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ** စာ - ၃ သို့

